# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၆၆)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၃-၂-၂၀၂၅၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အနည်းငယ်မျှသော ချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်သော ချမ်းသာကို အကယ်၍ မြင်ခဲ့လျှင် ပညာရှိသည် ထိုကြီးကျယ်သော ချမ်းသာကို မြင်လျက် အနည်းငယ်မျှသော ချမ်းသာကို စွန့်ရာ၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနီယဘုရားပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မင်းဘူး ဖေဖော်ဝါရီ ၂**



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနီယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးနှင့် မန်းရွှေစက်တော်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနီယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာမင်္ဂလာဓမ္မဇောတိကဓဇ၊ ထေရဝါဒဗုဒ္ဓသာသနဇောတိက ဒေါက်တာဘဒ္ဒန္တဝံသသီရိနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဝံသသီရိ အမှူးပြုသော ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ(ခြေတော်ရာ) အလင်းပေါက် ဖန်အုပ်ဆောင်းတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် နမ္မဒါရေစင်နှင့် အမွှေးနံ့သာရည်များ သွန်းဖျန်း၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသော ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော်(ခြေတော်ရာ) နှစ်ဆူနှင့် အောက်စက်တော်ရာ(ခြေတော်ရာ)အနီးရှိ ဘုရားဝတ္တကနယ်မြေ၌ အသစ်တည်ထားကိုးကွယ်သော ဆုတောင်းပြည့်လိုတရ နမ္မဒါ နဂါးရုံဘုရားအား

**စာမျက်နှာ ၃ သို့ ❍**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂

| | | |
|---|---|---|
| နမ့်စန် | ၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္လာနေ့။

## သစ်ပင်သစ်တောတို့၏ အကျိုးကျေးဇူးများ

ကမ္ဘာလောကအတွက် သစ်ပင်များသည် မရှိမဖြစ်သော အရေးကြီးဆုံးသော သဘာဝလက်ဆောင်ဖြစ်သည်။ သစ်ပင်သစ်တောတို့သည် လူသားအပါအဝင် သက်ရှိသတ္တဝါများ၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရာလည်းဖြစ်သည်။ သစ်ပင်သစ်တောရှိနေခြင်းကြောင့် နားခိုရာအရိပ်အာဝါသရရှိသည်။ ပူအိုက်သောနေ့တွင် သစ်ပင်အရိပ်အောက်တွင် နားခိုရခြင်းမှာ လူတိုင်းအတွက် သက်တောင့်သက်သာရှိလှသည်။ သစ်ပင်သည် နေ၏အပူဒဏ်ကို သစ်ရွက်များဖြင့် ကာကွယ်ပေးထားသည်။ အပင်အောက်သို့ ရေခိုးရေငွေ့များတို့ကို လွှတ်ပေးသည်။ နေ၏ အပူကိုစုပ်ယူကာ အစာချက်ပေးသောအခါ သစ်ပင်အတွက် ဟိုက်ဒရိုဂျင်ဓာတ်ကိုယူပြီး အောက်စီဂျင်တို့ကိုပြန်စွန့်ထုတ်ပေးသည်။ ထိုအခါ သစ်ပင်အောက်၌ ရေခိုးရေငွေ့သာမက အောက်စီဂျင်ပါပြည့်ဝနေသဖြင့် ပို၍ နေသာထိုင်သာရှိလာသည်။ သစ်ပင်တစ်ပင်တည်းက ဤကဲ့သို့ အကျိုးကျေးဇူးရရှိနိုင်လျှင် သစ်ပင်များစွာ သစ်တောများစွာသည် လူတို့အတွက် မည်မျှအဖိုးတန်မည်ကို ခန့်မှန်းကြည့်နိုင်သည်။

သစ်ပင်တို့သည် ကမ္ဘာ့ရာသီဥတုမျှတအောင် ထိန်းသိမ်းပေးနိုင်သည်။ နေရောင်မှ အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်တို့ကို လူသားများအတွက် ကာကွယ်ပေးသည်။ သစ်ပင်သစ်တောများရှိနေခြင်းကြောင့် မိုးရွာသွန်းမှုကို မှန်စေသည်။ ကမ္ဘာမြေအတွက် ရေချိုရေသန့်တို့ကို ရရှိစေသည်။ ထို့ပြင် သစ်ပင်သစ်မြစ်တို့သည် မြေအောက်သို့ စိမ့်သွားသော မိုးရေတို့ကို မြေအောက်ရေအရင်းအမြစ်အဖြစ် ထိန်းသိမ်းထားနိုင်သည်။ သစ်ပင်သစ်တောတို့၏ အကျိုးကျေးဇူးက များပြားလှသည်။

"တောတောင်ရှိမှ စမ်းရေရ၏ တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏" ဆိုသကဲ့သို့ စိုက်ပျိုးသီးနှံ ဖွံ့ဖြိုးအောင်မြင်ရေးအတွက် သစ်ပင်သစ်တောတို့က အဓိကကဏ္ဍတွင်ပါဝင်လျက်ရှိနေသည်။ ယနေ့ကမ္ဘာမြေတွင် သစ်ပင်သစ်တောများကို စည်းကမ်းမရှိ ခုတ်လှဲအသုံးပြုနေခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုများကို တွေ့နေရပြီဖြစ်သည်။ မိုးခေါင်ခြင်း၊ အပူလွန်ကဲခြင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြစ်ချောင်းများတိမ်ကောခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးခြင်း၊ သစ်တောကိုအမှီပြုနေသော ဇီဝမျိုးနွယ်များ ပျောက်ကွယ်ခြင်း စသည့်ဆိုးကျိုးများ ခံစားနေရပြီဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများ၊ သစ်ပင်ပန်းမန်ချစ်မြတ်နိုးသူများအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်းကို အရေးတကြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်။

"သစ်တောနှင့်သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသည့် ဆောင်ပုဒ်အတိုင်း သစ်တောများနှင့်သစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်က သစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

"သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ" ဟူသော ဆောင်ပုဒ်အတိုင်း ကမ္ဘာလောကကြီး စိမ်းလန်း၍ သက်ဝင်လှုပ်ရှားနေအောင် သစ်ပင်သစ်တောတို့၏ အကျိုးကျေးဇူးများကို သိရှိပြီး လူတိုင်းလူတိုင်း သစ်ပင်စိုက်ပျိုးသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အောင်မြေသာစံမြို့နယ်တွင် လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူ အလုပ်သမားဦးရေ ၉၉၇၀၀ ကျော်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ အလုပ်ရုံများနှင့် ဌာနများမှ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်စနစ်ထားရှိသူ အလုပ်သမားဦးရေ ၉၉၇၀၀ ကျော်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ သိရသည်။



အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်အလုပ်သမားဝင်ရောက်ရန်အတွက် သက်ဆိုင်သည့်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများက ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် အောင်မြေသာစံမြို့နယ်ရှိ အလုပ်ဌာနပေါင်း ၉၈၇၂ ဌာနရှိပြီး၊ လူမှုဖူလုံရေး အာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူ အလုပ်သမားဦးရေ ယနေ့အထိ ၉၉၇၀၀ ဦးကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"တိုင်းဒေသကြီးအတွင်း အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ကို ထားရှိကြပါတယ်။ ထားရှိကြသူတွေကိုလည်း ခွင့်ပြုထုတ်ပေးထားပါတယ်။ထားရှိတဲ့အတွက်လည်း အကျိုးကျေးဇူးတွေရရှိပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိ အကျိုးခံစားနေရတာထက် ပိုပြီးအကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။ ခုလိုအာမခံလုပ်ထားတာ သာမန်ချိန်မှာမသိသာပေမယ့် လူမှုအခက်အခဲကြုံတွေ့ရချိန်မှာတော့ အလွန်ကိုအားထားရတဲ့အဖွဲ့အစည်းပါ။ အာမခံထားရှိတဲ့အခါမှာလည်း အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ ဝင်ငွေထဲကမှ လုပ်ငန်းအလုပ်ရှင်ဌာနမှ ၃ရာခိုင်နှုန်း၊ အလုပ်သမားတွေမှ ၂ရာခိုင်နှုန်း စုစုပေါင်း ၅ရာခိုင်နှုန်းဖြစ်တဲ့ငွေကို လစဉ်ပေးသွင်းရတာဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အောင်မြေသာစံမြို့နယ်အတွင်းမှ လူမှုဖူလုံရေးရုံးသို့ အကျုံးဝင် မှတ်ပုံတင်ထားရှိကြသော အလုပ်ဌာနများမှာ အလုပ်သမား ၅ဦးအထက်ရှိသည့် စက်ဖြင့် (သို့မဟုတ်) လက်ဖြင့်လုပ်သည့် စက်မှုလက်မှုအလုပ်ဌာနများ၊ ပြည်သူ့ဘဏ်အလုပ်ဌာန၊ သမဝါယမအလုပ်ဌာန၊ ပုဂ္ဂလိကအလုပ်ဌာန၊ ဖက်စပ်ဌာနများနှင့် အခြားအလုပ်ဌာနများတို့ ဖြစ်ပြီး စုစုပေါင်းအလုပ်ဌာန ၉၈၇၂ ဌာနထားရှိကြပြီး၊ ယင်းဌာနများမှ အာမခံထားရှိမှုထည့်ဝင်ကြေးများပေးသွင်းထားရှိကြောင်းလည်း သိရသည်။ (၀၇၃)

## သာစည်မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း သရုပ်ပြသ

**သာစည် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀နာရီက မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြသခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဦးစွာ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိုးမြင့်ထွေးက တက်ရောက်လာသော အရာရှိ၊အရာခံများ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်မိသားစုဝင်များအား ပွင့်လင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်ရာ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးမှုများကို မှတ်သားပြီး လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြုနည်းပြသကာ လက်တွေ့မီးငြှိမ်းသတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၇)

## ကန့်ဘလူမြို့နယ်၌ အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေ တိုက်ကျွေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ တိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့တိုက်ကျွေးရာတွင် အသက် ခြောက်လမှ တစ်နှစ်အထိ ကလေးငယ်များကို ဗီတာမင်အေ တစ်သိန်းယူနစ်ကိုလည်းကောင်း၊ အသက် တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များကို ဗီတာမင်အေ နှစ်သိန်းယူနစ်ကိုလည်းကောင်း တိုက်ကျွေးပေးခဲ့ရာ စုစုပေါင်း ၅၂၇ ဦးတို့ကို တိုက်ကျွေးပေးခဲ့ကြောင်းနှင့် ကျန်ကလေးငယ်များကိုလည်း ဆက်လက်တိုက်ကျွေးပေးသွားမည်ဖြစ်သည်။

ထို့ပြင် ကလေးငယ်များ အဟာရပြည့်ဝစွာရရှိရေး ကလေးအဟာရမှုန့်တိုက်ကျွေးနိုင်ရန်အတွက် Vitamin and Mineral Pounder (ဗီတာမင်နှင့် မင်နရယ်ပေါင်းဒါ)နှစ်ဘူးစီကို အသက် ၆လမှ ၅၉လအထိ ကလေးငယ်များအတွက် ပေးအပ်ခဲ့ကြောင်း မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။ (အောက်ပုံ)

(၄၈၀)

၀-၀-၀-၀-၀



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





○ ရွှေဖုံးမှ

ဗုဒ္ဓါဘိသေကအနေကဇာတင် ဘိသိက်သွန်းတော်မူသည်။

ယင်းနောက် မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနာ့ဗိဗာန်တော်၌ (၂၅၉၁)ကြိမ်မြောက် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းများပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူမိဘပြည်သူများ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၃၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၃၅၀ ခန့်ကို ဆောက်လုပ်ပေးထားပြီး ယခုအခါ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံက သိရသည်။

(၅၀၀)

၀-၀-၀-၀-၀

## အညာဒေသ၌ ကြောင်ပန်းပင် စိုက်ပျိုးရာ ဝင်ငွေရနေ

**မကွေး ဖေဖော်ဝါရီ ၂**

အညာဒေသ၌ ကြောင်ပန်းပင်ကို ယာမြေများနှင့် နေအိမ်ခြံဝင်းအချို့၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရာကနေ ဝင်ငွေရနေကြသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်က ကြောင်ပန်းပင်ကို ယာမြေများ၏ စည်းရိုးများတွင်လည်းကောင်း ချောင်းရိုးများတွင်လည်းကောင်း အလေ့ကျအပင်အဖြစ်တွေ့ရပြီး၊ အသီး သီးချိန်၌ ဆွတ်ခူးရောင်းချကြသည်။

ကြောင်ပန်းပင်က ထွက်ရှိသည့် ကြောင်ပန်းစေ့သည့် ပရ



ဆေးကုန်ကြမ်းအဖြစ် အသုံးပြုခြင်း၊ တရုတ်နိုင်ငံသို့ ရောင်းရခြင်းစသည့် ဈေးကွက်ဝင်လာသောကြောင့် လက်ရှိရပ်ကွက်အချို့တွင် တစ်ပိုင်တစ်နိုင်စိုက်လာကြသည်ကို တွေ့သည်။

ကြောင်ပန်းစေ့က ပုံမှန်ဆိုရင် ၁၁၀၀၀ကျပ်၊ ပြာတည်းပြီးသန့်ရင် ၁၅၀၀၀ကျပ် ဈေးရှိကြောင်း ကျောက်ပန်းတောင်းမြို့ရှိ ပွဲရုံတစ်ရုံမှ စုံစမ်းသိရသည်။

ရေနံချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ကြောင်ပန်းစေ့ကို အိမ်ဝင်းခြံစည်းရိုးနှင့် မြေကွက်လပ်အလွတ်မှာ စိုက်ကြပြီး ယခုလက်ရှိ ကြောင်ပန်းစေ့ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ကျော်ကနေ ငွေကျပ် ၁၅၀၀၀အတွင်း ပေါက်ဈေးရှိကြောင်း ယခင်နှစ်မှာ တစ်ပိဿာ ငွေကျပ် ၂၅၀၀၀ ဈေးရောင်းရသော်လည်း ကြောင်ပန်းပင် စိုက်ပျိုးရေးက အခြားအပင်တွေလို စိုက်ပျိုးစရိတ်မရှိသဖြင့် ဝင်ငွေရပြီး ဈေးကောင်းရင် ပိုအကျိုးအမြတ်ရကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## EV တပ်ဆင်ထုတ်လုပ်သည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအပါအဝင် လုပ်ငန်းသစ် ၁၄ခုကို MIC မှ ခွင့်ပြု

**မန္တလေး ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)အနေဖြင့် EV လျှပ်စစ်လုပ်ငန်းသုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်သည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအပါအဝင် လုပ်ငန်းသစ် ၁၄ခုကို ဇန်နဝါရီ ၃၀ရက်က ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းများ အပါအဝင် ဝန်ဆောင်မှုကဏ္ဍ၊ EV အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုနှင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သည်ဟု ဆိုသည်။

"လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မတည်ရင်းနှီးငွေ တိုးမြှင့်တာအပါအဝင် ဝန်ဆောင်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာသုံးသန်းကျော် ရင်းနှီးမြှုပ်နှံမယ့် ပြည်ပလုပ်ငန်းသစ်တစ်ခုလည်း ပါဝင်တယ်။ ခုလိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကတစ်ဆင့် လူဦးရေ ၁၅၀၀ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ် ၁၃ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ် ၃၄၅ ဘီလီယံကျော်ရှိကြောင်း၊၂၀၂၄ခုနှစ် ဒီဇင်ဘာလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံ/ဒေသ ၅၃ခုမှ ဆောင်ရွက်လျက်ရှိပြီး စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်တို့ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၂၁၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃၅ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)မှ ခွဲစိတ်ပါရဂူ၊ ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ရှိတပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ် မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေးကို မွန်းလွဲ ၂ နာရီ ၃၂ မိနစ်တွင် ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သမိုင်းမှတ်တမ်းတွင် ၂၂ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

"ကျွန်တော်ကတော့ ခန္ဓာကိုယ် အဆီအကျိတ်တွေကို လာပြတာပါ။ ဒီမှာ ပါရဂူတွေကိုယ်တိုင် လာပြီးတော့ ထိထိရောက်ရောက် ကုသပေးတဲ့အတွက် ကျွန်တော်တို့အားလုံး အဆင်ပြေကြပါတယ်။ ရောဂါကြီးသမားတွေ၊ အထွေထွေရောဂါပြသသူတွေ အဝေးမသွားရဘဲ ဒီမှာတင် ပြသကုသခွင့်ရတဲ့အတွက် အားလုံးအဆင်ပြေချောမွေ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့် လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာ ဆရာမတွေ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဝမ်းသာပီတိ ဖြစ်ရပါတယ်။"

"မရမ်းကွင်းကပါ။ မျက်စိလာပြတာပါ။ ဆရာဝန်က ပုသိမ်သွားပြီး မျက်မှန်လုပ်ဖို့ ပြောပါတယ်။ အရင်ကလည်း မျက်စိပြဖူးပါတယ်။ အခုတော်တော် အဆင်ပြေသွားပါပြီ။ မျက်စိလည်းအရင်ထက်ကြည့်ရတာ ပိုကောင်းသွားတယ်။ အထူးကိုပဲ ကျေးဇူးတင်ပါတယ်။ ဒီမှာ ထမင်းလည်း ကျွေးတယ်။ ကားခကအစ လမ်းစရိတ်အကုန် စရိတ်ငြိမ်း လုပ်ပေးတာပါ။ ဒါကြောင့်မို့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်။ ဒီဆေးသင်္ဘောလာမယ်ဆိုတာ လူကြီးကဖုန်းဆက်ပြီး အကုန်ပြောပေးတယ်။ အဲဒီတော့ သားတွေကို ပြောတယ်။ ဆရာဝန်တွေ၊ ပါရဂူတွေရောက်မယ်လို့ဆိုပြီး လာပြတာ။ မနေ့ကပဲ လာသေးတယ်။ သင်္ဘောက မရောက်သေးလို့ ဒီနေ့ထပ်လာပြတာပါ။ သင်္ဘောဆိုက်တော့ ကားနဲ့ အလကား လာကြိုပေးတယ်။ ထမင်းကျွေးတဲ့သူတွေရော လာကုပေးကြတဲ့ ဆရာဝန်တွေရော ဆရာ ဆရာမတွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။"

သတင်းစဉ်







## မွေးကင်းစမှ အသက် ၂ နှစ်နှင့်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

တန့်ယန်း ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မွေးကင်းစမှ အသက်(၂)နှစ်နှင့်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်(၂)နှစ်နှင့်အောက် ကလေးများအား စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ပိုလီယို၊ ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့၊ ကြက်ညှာ၊ ချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ) စသည့် ကာကွယ်ဆေးများကို ထိုးနှံဆောင်ရွက်နေပြီး ဆက်လက်၍လည်း ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

**ရောဂါကူးစက်ပုံနည်းလမ်းများ**

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

**ရောဂါလက္ခဏာများ**

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်း



ညောင်ဦး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ညောင်ဦးမြို့အဝင် လေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ်သွားကားလမ်းမင်းနန်သူ ဘုရားသုံးဆူအထိ လမ်းဘေး(ဝဲ၊ ယာ) တစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင် သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့် အညီ Bagan Plastic Campaign အဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ညောင်ဦးမြို့အဝင် လေဆိပ်လမ်းဆုံတွင် စုရပ်ပြုလုပ်၍ ပုဂံမြို့သစ်သွားကားလမ်း မင်းနန်သူ ဘုရားသုံးဆူအထိ လမ်းဘေး(ဝဲ၊ ယာ)တစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို စေတနာရှင် အလှူရှင်များက သောက်ရေသန့်၊ Royal – D အားဖြည့်အချိုရည်ဘူးများနှင့် ကောက်ညှင်းပေါင်း၊ အကြော်စုံတို့ဖြင့် ဝေငှကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို အပတ်စဉ် (စနေနေ့တိုင်း) ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူသွားလာသော ကားလမ်းမကြီးဘေး(ဝဲ၊ ယာ)များနှင့် မြို့အဝင်/အထွက် နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ် အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| မန်ယူ | ဝ - ၂ | ပဲလေ့စ် |
| ဘရန့်ဖို့ဒ် | ဝ - ၂ | စပါး |
| အာဆင်နယ် | ၅ - ၁ | မန်စီးတီး |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဂျူဗင်တပ် | ၄ - ၁ | အမ်ပိုလီ |
| ဖီအိုရင်တီးနား | ၂ - ၁ | ဂျီနိုအာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဗရန့်ဖတ် | ၁ - ၁ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၃ - ၁ | ဟော်ဖန်ဟိမ်း |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘာစီလိုနာ | ၁ - ဝ | အလာဗက်စ် |
| ဗယ်လီယာ | ၂ - ၁ | ဆဲလ်တာဗီဂို |

| ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| တူးလော့ | ၁ - ၁ | နိုစ် |
| ရမ်းစ် | ၁ - ၂ | နန့်တက်စ် |
| အန်ဂါစ် | ၁ - ၁ | လီဟာဗာ |
| ရင်းနက်စ် | ၁ - ဝ | စထရာဘို့ |

## ဆန်များ ထောက်ပံ့လှူဒါန်း

ပုဂံ ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့ဟောင်းရှိ ဝင်ငွေနည်းအိမ်ထောင်စု ၅၀ အတွက် စားသောက်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ဆန်များ ထောက်ပံ့လှူဒါန်းပေးသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်စီ စနစ်တကျထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## သင့်သွေးဖြင့် အသက်ကယ်ပါ။

## အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၉ နာရီ၊ ၄၇မိနစ်၊ ဝ၄ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ







# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tom Hanks ပါဝင်ထားသည့် The Da Vinci Code ဇာတ်ကား ပန်းချီကားအကြောင်း ပုံဖော်ထား

ကမ္ဘာကျော်သမိုင်းပညာရှင်များပင် တွေဝေသွားစေအောင် ဖန်တီးနိုင်သည့် စာရေးဆရာကြီး ဒန်ဘရောင်း၏ သမိုင်းဝင်အဖြစ်အပျက်နှင့် စိတ်ကူးယဉ်အရာ ပေါင်းစပ်ထားသည့် ဝတ္ထုစာအုပ် ၆ အုပ်အနက် ၃ အုပ်ကို ရုပ်ရှင်အဖြစ် ဖန်တီးထားရာ The Da Vinci Code တွင် တွမ်ဟန်ပါဝင်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ သုံးအုပ်ကို ရုပ်ရှင်အဖြစ် ဖန်တီးထားရာ The Da Vinci Code, Angels & Demons နှင့် Inferno တို့ဖြစ်ပြီး သုံးကားစလုံးတွင် တွမ်ဟန့်ပါဝင်ထားကာ ဒါဗင်ချီ၏ ပန်းချီကားထဲမှ စိတ်ဝင်စားစရာ အကြောင်းများ၊ လျှို့ဝှက်ချက် Code များ illuminati ကဲ့သို့ ဂမ္ဘီရဆန်ဆန် အဖွဲ့အစည်းများအကြောင်းကို စိတ်ကူးယဉ်နှင့်ရော၍ ပုံဖော်ထားသည်။

ပန်းချီမြတ်နိုးသူများအတွက် ထိုင်ရာမှ မထနိုင်လောက်အောင် ပြီးပြည့်စုံမှု ရှိခဲ့သည်ဟု ပန်းချီဆရာတစ်ဦးက ထောက်ခံအားပေးထားသည်။ (SKY)




## အချိန်နှင့်အမျှ ကိုလက်စထရောအဆင့်များ ပြောင်းလဲနေခြင်းက စိတ်ဖောက်ပြန်မှုအန္တရာယ်ကို ၆၀% ပိုမို မြင့်တက်လာစေနိုင်


အချိန်နှင့်အမျှ ကိုလက်စထရောအဆင့်များ ပြောင်းလဲနေခြင်းသည် စိတ်ဖောက်ပြန်မှုအန္တရာယ်ကို ၆၀% ပိုမိုမြင့်တက်လာစေနိုင်သည်ဟုမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ယမန်နေ့က ထုတ်ဝေသော အမေရိကန်အာရုံကြောအကယ်ဒမီ၏ဆေးပညာဂျာနယ်တွင် ဖော်ပြသည်။

အသက်အရွယ်ကြီးရင့်သူများတွင် အချိန်နှင့်အမျှ ကိုလက်စထရောအဆင့်များ ပြောင်းလဲနေပါက ကိုလက်စထရောအဆင့်တည်ငြိမ်နေသူများထက် စိတ်ဖောက်ပြန်မှုဖြစ်ပွားနိုင်ခြေ ပိုမြင့်မားနိုင်ကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းသုတေသနရလဒ်က ကိုလက်စထရောပြောင်းလဲမှုဖြင့် စိတ်ဖောက်ပြန်မှုအန္တရာယ်ရှိသူများကို ဖော်ထုတ်ရာတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့ရှိ မိုနတ်ရှ်တက္ကသိုလ်မှ ဦးဆောင်သုတေသီကျင်ကျိုးက ထုတ်ဖော်ပြောကြားသည်။

အဆိုပါသုတေသနတွင် ပျမ်းမျှအသက် ၇၄ နှစ်ရှိသော စိတ်ဖောက်ပြန်မှု သို့မဟုတ် အခြားမှတ်ဉာဏ်ပြဿနာမရှိသည့် ပါဝင်သူ ၉၈၄၆ ဦးကို ခြေရာခံလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ SCI






## Student of the Year ဘောလိဝုဒ်ရုပ်ရှင် (၁၂)နှစ်ပြည့်ပြီ

ဘောလိဝုဒ်ရုပ်ရှင် Student of the Year (၁၂) နှစ်ပြည့်ပြီ ဖြစ်သကဲ့သို့ ကျောင်းသား သုံးဦး၏ အနုပညာသက်တမ်းလည်း(၁၂)နှစ်ပြည့်ခဲ့ရာ အာလီယာဘတ်လည်း ပါဝင်ခဲ့သည်။

အဆိုပါ ရုပ်ရှင်နှင့်အတူ မျိုးဆက်သစ်အနုပညာရှင် သုံးဦးလည်း အနုပညာသက်တမ်း (၁၂)နှစ်ပြည့်ခဲ့ကြပြီး အနုပညာလောကတွင် အောင်မြင်မှုများလည်း ပိုင်ဆိုင်ထားကြသည်။

အာလီယာဘတ်နှင့်ယာရမ်ဒါဝမ်တို့မှာ အနုပညာလောကတွင်သာမက အိမ်ထောင်ရေးတွင်လည်း ပျော်ရွှင်စွာ တည်ဆောက်ထားကြပြီး သမီးလေးတစ်ဦးစီကို ပိုင်ဆိုင်ထားကြသည်။

အာလီယာဘတ်မှာ ပွဲဦးစထွက်စဉ်ကပင် အနုပညာအရည်အသွေးမြင့်မားသူဖြစ်၍ အနုပညာလောကတွင် ထိပ်ဆုံးစာရင်းဝင် အနုပညာရှင်အဖြစ် ရပ်တည်နေသူလည်း ဖြစ်သည်။

(SKY)

0-0-0-0-0-0

## BTS မှ Jin က ရိုးရာအချိုရည်အတွက် Slamp ကုမ္ပဏီ တည်ထောင်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်နှင့် စားဖိုမှူး စီအီးအိုတိတ်တို့ ပူးပေါင်း၍ ရိုးရာအချိုရည်လုပ်ငန်းသစ်ကို ထုတ်လုပ်ရန်အတွက် Slamp ကုမ္ပဏီကို တည်ထောင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သူတို့နှစ်ဦးပေါင်း၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာတွင် ဘိတ်၏ မွေးရပ်မြေ ရီဆန်း၌ ပန်းသီး၊ ဖရဲသီး၊ ဆီးသီးဒေသထွက် အသီးအနှံများနှင့် အသင့်သောက်နိုင်သည့် ရိုးရာအချိုရည်ကို (IGIN Sweet Tonic) အမည်နှင့် စုပ်လိုက်တိုင်း ပျော်ရွှင်မှုအပြည့်ရှိသည့် အပြုံးလှိုင်းများခံစားဖို့ ပြင်ဆင်ပါ။ 'အရသာရှိပြီး ချိုမြိန်သော အရသာဖြင့် ကမ္ဘာသစ်တစ်ခုလုံး မကြာမီ ခံစားရမည်' ဟု ကြေညာ၍ Slamp ကုမ္ပဏီကို တည်ထောင်လိုက်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီတွင် စတင်ဖြန့်ချိမည် ဖြစ်သည်။

(SKY)




## Kenny ho နှင့် Wong Man Ho တို့ နှစ်များစွာကြာမှ ပြန်တွေ့ကြ

တရုတ်အနုပညာရှင် ဟောင်ကောင်မင်းသား ကယ်ရီဟို(ခေါ်) ကျန်ကျောင်းနှင့်ဝမ်မန်ဟိုတို့ နှစ်ဦး နှစ်များစွာကြာမှ ကယ်ရီဟို၏ ကုမ္ပဏီတွင် ပြန်တွေ့ကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကယ်ရီဟိုနှင့် ဝမ်မန်ဟိုတို့မှာ ၁၉၉၉ ခုနှစ်တွင် အတွဲညီခဲ့သော အနုပညာရှင်နှစ်ဦးဖြစ်ကြကာ နှစ်ပေါင်းများစွာ ကွဲကွာနေကြရာမှ ဝမ်မန်ဟိုက ကယ်ရီဟို၏ ကုမ္ပဏီသို့ လာရောက်တွေ့ဆုံခဲ့သည်။

ကွဲကွာနေသော မိတ်ဆွေနှစ်ဦး၏ ပျော်ရွှင်ဝမ်းသာနေသည့် ပုံရိပ်များ ထွက်ပေါ်လာရာ ဝမ်မန်ဟိုသားလေးက စက်ရုံဝင်းပြတိုက်ထဲမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပိုစတာနှင့်လူကို မေးရာ ကယ်ရီဟိုက သူ့ပုံဖြစ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသံတမန်ဟု ဆိုကာ နံရံတွင် ချိတ်ထားသည့် ကျန်ကျောင်းပုံကို မေးရာတွင် သူဟု ဖြေသော်လည်း ကလေးက ဓာတ်ပုံထဲနှင့်အပြင်မှ လူကို မယုံကြည်နိုင်ဖြစ်ခဲ့သည့်အတွက် ကယ်ရီဟိုက ဝမ်မန်ဟိုကို သွေးတက်အောင် ကြိတ်မှာထားသလားဟု နောက်ပြောင်ခဲ့သည်။ (SKY)



## Puppy Love တွင် မင်းသား Grant Gustin ပါဝင်ထား

တူရကီမင်းသား ဂရန့်ဂူစတင် ပါဝင်ထားသည့် Puppy Love ဇာတ်ကားမှာ ခွေးလေးနှစ်ကောင်နှင့် လူနှစ်ဦးအလွဲပေါင်းသောင်းခြောက်ထောင်ကို ပုံဖော်ထားသည့် ဇာတ်ကားဖြစ်သည်ဟု ရိုတေရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဓိက ခွေးချစ်သူများအတွက် ရိုက်ကူးထားရာ အလုပ်ကြိုးစားပြီး ထက်မြက်သည့် မိန်းကလေးမှာ ချစ်သူနှင့်အသည်းကွဲပြီး လမ်းဘေးမှ ခွေးထီးလေးကို ချန်းနင်းတေတမ် အမည်နှင့် မွေးထားခဲ့သည်။

လူများနှင့်ဆက်ဆံရမည်ကို ကြောက်ရွံ့၍ အိမ်တွင်းပုန်းကောင်လေးတစ်ဦးကို ဆရာဝန်က စိတ်အခြေအနေတိုးတက်ရန် ခွေးမွေးခိုင်းရာမှ ကလိုဝီဆိုသော ခွေးမလေးမွေးထားပြီး ခွေးနှစ်ကောင်ဇာတ်လမ်းမှ လူနှစ်ဦးဖူးစာဆုံခဲ့ကြပုံကို အလွဲပေါင်းသောင်းခြောက်ထောင်နှင့် ပျော်ရွှင်ဖွယ် ရိုက်ကူးထား၍ ခဏတာ စိတ်အပန်းပြေစေသည့်အပြင် Flash Series မှ မင်းသားချော ဂရန့်ဂူစတင် ပါဝင်ထား၍ ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်။




(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နှစ်သစ်ကူးအားလပ်ရက်ကာလအတွင်း တစ်ရက်ထဲ၌ ပြည်တွင်းခရီးသွား ၃၀၄ သန်းကျော်ရှိခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၂**



တရုတ်နိုင်ငံ၏ အရေးအပါဆုံးသော ရိုးရာပွဲတော်ဖြစ်သည့် နှစ်သစ်ကူး အားလပ်ရက်ကာလတွင် မိသားစုများအတူတကွ စုဝေးခြင်းနှင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေသည့် အချိန်ဖြစ်သည့်အတွက် ယမန်နေ့က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသခံခရီးသည်များ ခရီးသွားလာမှု ၃၀၄ သန်းကျော်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

နှစ်သစ်ကူးကာလ ခရီးသွားလာမှုများ(ခေါ်)ချွန်ယွမ်အတွင်း နေ့စဉ်ဒေသခံခရီးသွားလာမှုများ ၃၀၀ သန်းကျော်ခဲ့ခြင်းမှာ ယခုနှစ်အတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ချွန်ယွမ်ကာလအတွင်း ခရီးသွားလာမှုများ ချောမွေ့စေရန် ဖွဲ့စည်းထားသော အထူးလုပ်ငန်းအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ကားဖြင့် ခရီးသွားလာမှုမှာ ယခင်နှစ်ကထက် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ကာ ၂၈၈ ဒသမ ၄၄ သန်းအထိ ရှိခဲ့ပြီး ရထားနှင့် လေယာဉ်ဖြင့် ခရီးသွားလာမှုများမှာလည်း အသီးသီး ၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ချွန်ယွမ်ကာလအတွင်း ခရီးသွား ၉ ဘီလီယံအထိ ရှိလာနိုင်ကြောင်း မှတ်တမ်းတင်ခန့်မှန်းထားပြီး ယခုနှစ်အတွက် နှစ်သစ်ကူးကာလမှာ ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ ဖြစ်သည်။

ကားဖြင့် ခရီးသွားလာမှုများမှာ ဒေသခံခရီးသွားလာမှုအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ရှိလာနိုင်ကြောင်း ခန့်မှန်းထားပြီး စွမ်းအင်အသစ်သုံးကားများဖြင့် ခရီးသွားလာမှုများလည်း ပါဝင်သည်။ တရုတ်နိုင်ငံ၏ အဝေးပြေးလမ်းများတွင် အားသွင်းနိုင်သည့် နေရာများ ပိုမိုရရှိနိုင်သည့်အတွက် NEVs များဖြင့် ခရီးသွားလာရန် ယခင်ကထက် ပိုမိုလွယ်ကူလာကြောင်း သိရသည်။ **Mon**



## ဂါဇာစစ်ပြေငြိမ်းရေး နောက်အဆင့်အတွက် ဆွေးနွေးနိုင်မည်ကိုစွ… / ဂါဇာစစ်ပြေငြိမ်းရေး နောက်အဆင့်အတွက် စေ့စပ်ညှိနှိုင်းမည့်ကိစ္စ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုသည် ဖေဖော်ဝါရီ ၃ ရက်တွင် ဝါရှင်တန်မြို့တော်၌ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အရှေ့အလယ်ပိုင်းရေးရာကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဖ်နှင့် တွေ့ဆုံကာ ဂါဇာစစ်ပြေငြိမ်းရေး ဒုတိယအဆင့်အတွက် စေ့စပ်ညှိနှိုင်းမှုများကို စတင်မည်ဖြစ်သည်ဟု ယမန်နေ့က ၎င်း၏ရုံးမှ အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးနိုင်ငံမှ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်သို့ ဖေဖော်ဝါရီ ၂ ရက်တွင် ထွက်ခွာမည့် နက်တန်ယာဟုသည် လာမည့်အပတ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့်လည်း အိမ်ဖြူတော်၌ တွေ့ဆုံကာ ဂါဇာနှင့် ယင်းဒေသတွင် ထိန်းသိမ်းထားသည့် အစ္စရေးနိုင်ငံသားများအကြောင်း ဆွေးနွေးမည်ဖြစ်သည်။

ဝစ်ကော့ဖ်နှင့် တွေ့ဆုံစဉ် နက်တန်ယာဟုအနေဖြင့် စစ်ပြေငြိမ်းရေးဆိုင်ရာ အစ္စရေး၏သဘောထားများကို ဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ဖော်ကြေညာသည်။

ထို့နောက် ဝစ်ကော့ဖ်သည် လွန်ခဲ့သော ၁၅ လအတွင်း အမေရိကန်၏ ထောက်ခံမှုဖြင့် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား စေ့စပ်ညှိနှိုင်းပေးခဲ့သော အီဂျစ်နှင့် ကာတာနှစ်နိုင်ငံမှ အရာရှိများနှင့် တွေ့ဆုံမည်ဟု ဆိုသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့သည် ယခင်လက ဂါဇာတွင် စစ်ပွဲများကို ရပ်စဲထားသည့် သုံးအဆင့်ပါ ရှုပ်ထွေးသော စစ်ပြေငြိမ်းရေးသဘောတူညီချက်ကို ရရှိခဲ့ပြီး ယခုအချိန်အထိ အစ္စရေးထောင်များတွင် ထိန်းသိမ်းထားသည့် ရာနှင့်ချီသော ပါလက်စတိုင်းနိုင်ငံသားများကို လဲလှယ်ရန် အကျဉ်းသား ၁၈ ဦးကို ဟားမတ်စ်တို့က လွှတ်ပေးခဲ့ကြောင်း သိရသည်။ **Mon**



ပနားမားတူးမြောင်းအရေး ဆွေးနွေးရန် သမ္မတ ဒေါ်နယ်လ်ထရမ့် စေလွှတ်သဖြင့် ပနားမားမြို့သို့ ဖေဖော်ဝါရီ ၁ ရက်က ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကို တွေ့ရစဉ်။ **Mon**

## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ညွန့်ပေါင်းအစိုးရ တစ်နှစ်ပြည့် အစိုးရအသုံးစရိတ် ထုတ်ပြန်ကြေညာ

**ဒေလီ ဖေဖော်ဝါရီ ၂**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ညွန့်ပေါင်းအစိုးရသည် ၎င်းတို့ပါတီသည် ယမန်နှစ်က လွှတ်တော်တွင် အပြတ်အသတ်အနိုင်မရသောရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ပထမဆုံး တစ်နှစ်ပြည့် အစိုးရအသုံးစရိတ်ကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အာရှ၏တတိယအကြီးဆုံး စီးပွားရေးနိုင်ငံတွင် နှေးကွေးသော တိုးတက်မှု၊ မြင့်တက်လာသော ဈေးနှုန်းများနှင့် အလယ်တန်းလူတန်းစားများတွင် ကျဆင်းနေသော စားသုံးမှုကို တန်ပြန်ရန် အစီအမံများကို ဘဏ္ဍာရေးဝန်ကြီး နီရမာလာဆီသာရာမန်က ကြေညာခဲ့သည်။

ကမ္ဘာ့အဆင့်မီ ၈ ရာခိုင်နှုန်းကျော် တိုးတက်မှုကာလတစ်ခုအပြီးတွင် အိန္ဒိယနိုင်ငံအနေဖြင့် လေးနှစ်အတွင်း အနှေးကွေးဆုံး စီးပွားရေးတိုးချဲ့မှုအတွက် ပြင်ဆင်နေရပြီး လစာငွေများ တည်ငြိမ်နေခြင်းနှင့် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် စားသုံးသူများ၏အသုံးစရိတ်နှင့် ကုမ္ပဏီအမြတ်အစွန်းများကို ထိခိုက်လျက်ရှိကြောင်း သိရသည်။ **Mon**

ဝ-ဝ-ဝ-ဝ-ဝ

## နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခ ပိုမိုနက်ရှိုင်းမလာစေရန် တရုတ်က အမေရိကန်နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်

**ပေကျင်း ဖေဖော်ဝါရီ ၂**

တရုတ်အစိုးရက ထရမ့်အုပ်ချုပ်ရေး၏ ကုန်သွယ်ရေးအရခြိမ်းခြောက်မှုများကို ပြန်လည်တုံ့ပြန်ခဲ့ပြီး "ဖန်တနီးလ်သည် အမေရိကန်၏ ပြဿနာသာဖြစ်သည်"ဟုလည်း ယမန်နေ့က ထောက်ပြလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်အစိုးရသည် ဖေဖော်ဝါရီ ၂ ရက်တွင် ထရမ့်အုပ်ချုပ်ရေး၏ တရုတ်ကုန်သွယ်ရေးအပေါ် ခြိမ်းခြောက်ခဲ့သည့် ၁၀ ရာခိုင်နှုန်းသော အကောက်ခွန်ကိစ္စကို ပြစ်တင်ရှုတ်ချခဲ့ပြီး ပဋိပက္ခ ပိုမိုနက်ရှိုင်းမလာစေရန် အမေရိကန်နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အကောက်ခွန်ကို မိမိတို့နိုင်ငံအနေဖြင့် စိန်ခေါ်မည်ဖြစ်ပြီး မကြာမီစတင်အသက်ဝင်မည့် ယင်းအကောက်ခွန်ကို တုံ့ပြန်သည့်အနေဖြင့် မသတ်မှတ်ရသေးသည့် "တုံ့ပြန်ဆောင်ရွက်မှုများ"ကို ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကနေဒါနှင့် မက္ကဆီကိုမှ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်းနှင့် တရုတ်မှ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် ၁၀ ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်မည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့်က အမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထရမ့်၏ လုပ်ရပ်သည် နိုင်ငံတကာ ကုန်သွယ်ရေးစည်းမျဉ်းများကို "ပြင်းထန်စွာ ချိုးဖောက်ခြင်း"ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အမေရိကန်ဘက်မှ "ရိုးသားစွာ ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန်"တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့ကြောင်း သိရသည်။ **Mon**



**STOP AIDS**

## ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်ငယ်ပျက်ကျမှု၌ မိခင်နှင့်ကလေးအပါအဝင် ခုနစ်ဦး သေဆုံးခဲ့သည်ဟု ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်ပြည်ထောင်စု ဖီလာဒဲလ်ဖီးယားမြို့တွင် ယမန်နေ့ ညနေပိုင်းက ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်ငယ်တစ်စင်း အဆောက်အအုံများပေါ်သို့ ပျက်ကျပြီး လေယာဉ်ပေါ်ရှိ လူခြောက်ဦးနှင့် မြေပြင်ပေါ်ရှိ လူအနည်းဆုံး တစ်ဦး သေဆုံးခဲ့သည်ဟု မြို့တော်ဝန် ရှရီးလ်ပါကာက အတည်ပြုပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်သည် မက္ကဆီကိုနိုင်ငံ၊ တီဂျွန်နာမြို့သို့ ဆေးဘက်ဆိုင်ရာခရီးစဉ်ဖြင့် သွားရောက်နေခဲ့ပြီး မစ္စစ္စပီမြို့တွင် ခဏတစ်ဖြုတ်ရပ်နားရန် စီစဉ်ခဲ့သည်။ လေယာဉ်ပေါ်တွင် ကလေးလူနာတစ်ဦးနှင့် သူမ၏မိခင်၊ လေယာဉ်မှူး နှစ်ဦး၊ ဆရာဝန် တစ်ဦးနှင့် ဆေးဘက်ဆိုင်ရာ အရေးပေါ်ဝန်ထမ်း တစ်ဦးတို့ ပါဝင်ခဲ့ပြီး အားလုံးမှာ မက္ကဆီကိုနိုင်ငံသားများဖြစ်ကြသည်။

လေယာဉ်ပျံတက်ပြီး တစ်မိနစ်ခန့်အကြာတွင် မြေပြင်ပေါ်သို့ ရုတ်တရက်ထိုးကျပြီး ပေါက်ကွဲမီးလောင်ခဲ့သည်။ အခြားလူ ၁၉ ဦး ဒဏ်ရာရရှိခဲ့သော်လည်း ထိုအရေအတွက်သည် ပြောင်းလဲနိုင်သေးကြောင်း အဆိုပါမြို့တော်ဝန်က ပြောကြားသည်။

ယင်းဘေးအန္တရာယ်တွင် သေဆုံးခဲ့သူများ၏ အရေအတွက်နှင့် ဒဏ်ရာရရှိသူများ၏ အခြေအနေကို အတည်ပြုနိုင်ရန် ရက်အနည်းငယ် သို့မဟုတ် ပိုကြာနိုင်သည်ဟု ဖီလာဒဲလ်ဖီးယားမြို့တော် စီမံခန့်ခွဲရေးမှူး အဒမ်သီယဲလ်က သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားကြောင်း သိရသည်။



**Mon**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်

**ရွှေဘို ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ရန်ကြီးအောင်ဝန်ထမ်း၊ အငှားအိမ်ရာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း၊သရုပ်ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီ တွင် ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်နှင့် ရွှေဘိုမြို့နယ် မီးသတ် ဦးစီးမှူး ဦးအောင်မြတ်တိုးတို့ ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သည့် အတွက် မီးကိုပေါ့ဆစွာ အသုံး မပြုကြရန်အတွက် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လက်တွေ့မီးငြိမ်းသတ်နိုင်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ကြောင်း ပြောကြားခဲ့ပြီး သရုပ်ပြအခမ်း အနားတွင် ရှာဖွေကယ်ဆယ်ခြင်း၊ ဆီမီးလောင်မှု (HNE) ကျော လွယ်မီးငြိမ်းသတ်မှုကိရိယာဖြင့် ငြိမ်းသတ်ခြင်း၊မီးလောင်ပြင်တွင် မီးငြိမ်းသတ်ခြင်း စသည်တို့အား လက်တွေ့ပြသဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ်နှင့် သဘာဝ ဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ ခြင်းနှင့် နေအိမ်အခန်းများ မီးသုံးစွဲမှုစစ်ဆေးအကြံပြုပေးခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*




## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ညောင်ဦး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီး ဌာနက ပွင့်လင်းရာသီကာလ ဒေသတွင်း မီးလောင်မှုများ မဖြစ် ပေါ်စေရန်နှင့် ပြည်သူများ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင် ရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်း က မြို့ပေါ်ရပ်ကွက်များသို့ လှည့် လည်သွားရောက်ပြီး မီးဘေးလုံခြုံ ရေးဆိုင်ရာများကို အသိပေး သတိ ပေးနှိုးဆော်ခြင်းများ ဆောင်ရွက် ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော် မင်းသူ၏ ကြီးကြပ်မှုဖြင့် ဒုတိယ မီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ ဝင်များက အသံချဲ့စက်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်(၇)ရပ်ကွက်ရှိ ဒေသခံပြည်သူများ မီးဘေး အန္တရာယ်ကင်းဝေးစေရန် မီးသတ် ဦးစီးဌာနမှ ထုတ်ပြန်ထားသော မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်ရာ အသိပေးကြေညာချက် များနှင့် မီးလောင်မှုဖြစ်ပွားရခြင်း ၏ အကြောင်းအရာများကို အသံချဲ့စက်ယာဉ်ဖြင့် ရပ်ကွက် အလိုက် လှည့်လည်သတိပေး နှိုးဆော်ခြင်းများ ဆောင်ရွက် ပေးခဲ့သည်။

ညောင်ဦးမြို့နယ်၌ ပြည်သူ များ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် ခရိုင် နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော် ဝင်းထွန်း၏ ဦးဆောင်မှုနှင့်အညီ မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်ရန်အချက်များကို လှည့်လည် သတိပေးနှိုးဆော်မှု များ ဆောင်ရွက်လျက်ရှိသည့် အပြင် ရပ်ကွက်၊ ကျေးရွာများရှိ လူနေအိမ်များတွင် မီးဘေးလုံခြုံ စိတ်ချရမှု ရှိ၊မရှိ တစ်အိမ်တက် ဆင်း စစ်ဆေးအကြံပြုခြင်းများ ကို အရှိန်အဟုန်မပျက် ဆောင် ရွက်လျက်ရှိကြောင်း ညောင်ဦး မြို့နယ်မီးသတ်ဦးစီးမှူးက ပြော သည်။

(အပေါ်ပုံ) (၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင် ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီး ဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရွာသာကြီး Dry Port၌ မော်တော်ယာဉ်ခြောက်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းသုံး မျိုးနှင့် အဆိုပါပစ္စည်းများ တင် ဆောင်လာသည့် Yutong Bus သုံးစီး၊ King Long Bus နှစ်စီး၊ Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ ဇန်နဝါရီ ၃၀ရက်တွင် အေးရှားဝေါလ်ကုန် သေတ္တာစစ်ဆေးရေးစခန်း၌ ကုန် သေတ္တာသုံးလုံးအတွင်းမှ တရား ဝင် စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ် စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်း ကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသ ကြီး တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ် တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

## မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊လက်ကောင်း ကျေးရွာတွင် စိုက်ပျိုးရေးခြံစောင့် တဲအတွင်း မီးဖိုဖြင့် ထမင်း၊ ဟင်းချက်ပြုတ်ပြီး မီးကြွင်း မီးကျန်မှတစ်ဆင့် ထရံသို့ မီးကူး စက်ပြီး မီးလောင်မှု ဖေဖော်ဝါရီ ၁ရက် မွန်းတည့် ၁၂ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးစီး ၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ကန်ကောက်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ် ယာဉ် တစ်စီး၊ မီးသတ်ရေသယ် ယာဉ် တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦး တို့ဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ် ခဲ့ကြသည်။

မီးလောင်မှုကြောင့် (၁၅×၁၅) ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် (၁)ထပ် စိုက်ပျိုးရေးခြံစောင့်တဲ တစ်လုံး၊ရှစ်ပေပတ်လည်၊သွပ်မိုး၊ ထရံကာ၊မြေစိုက်အိမ်မွေးကြက်ခြံ တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား အုန်းချောနယ်မြေရဲစခန်းတွင် ဥပဒေနဲ့အညီ အရေးယူ ဆောင် ရွက်ထားကြောင်း သိရသည်။

(အပေါ်ယာပုံ)

(၀၅၇)

*-*-*-*-*



## ပျော်ဘွယ်မြို့နယ်၊ တိုးချဲ့ကွက်သစ်တွင် မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ထန်းတောကြီး ကျေးရွာ၊ ကင်းမကျီးပင်တိုးချဲ့ ကွက်သစ်တွင် ယနေ့ နံနက် ၁ နာရီ ၁၀မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းရရှိ သဖြင့် မိတ္ထီလာခရိုင်မီးသတ်စခန်း မှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ ပျော်ဘွယ် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်း သတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၅၃မိနစ်တွင် မီးငြိမ်းသွားခဲ့ ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*

# မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး မျက်နှာတော်သစ်မင်္ဂလာ

ထိန်ထိန်လင်း



**ဖုံတော်ခေါက်သံ**

မန္တလေး မဟာမုနိဘုရားကြီးအနီးဝန်းကျင် ရပ်ကွက်များမှာ နေထိုင်တဲ့ပြည်သူများဟာ နေ့စဉ် အရုဏ်ဦး နံနက်တိုင်း ဘုရားကြီးရေကင်းသံ တီးလုံး ဖုံတော်ခေါက်သံနဲ့ အချိန်မှန်နိုးထခဲ့ ကြတာ ရှေးနှစ်ပေါင်းများစွာကတည်းကပါ။ တိတ်ဆိတ်အေးချမ်းတဲ့ အရုဏ်ဦးရဲ့ လေလှိုင်းသံ အတွင်း ပျံ့လွင့်လာတဲ့ ဖုံတော်ခေါက်သံဟာ လူတိုင်းရဲ့ ရင်ထဲကိုကြည်နူးဆွတ်ပျံ့စေပြီး ဆွဲဆောင်မှုရှိလှပါတယ်။ ဖုံတော်ခေါက်သံကို နားစွင့်ရင်း အိပ်ရာမှ နိုးထပါတယ်။ ဘုရားရှိခိုး ဝတ်တက်ခြင်း၊ အရုဏ်ဆွမ်းထချက်ခြင်းနဲ့ တစ်နေ့တာ လုပ်ငန်းခွင်ဝင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ကြပါတယ်။ ဖုံတော်ခေါက်သံကြားရင် မဟာမုနိဘုရားကြီး ဂန္ဓကုဋီတိုက်တော်တံခါး များ ဖွင့်ပြီးဖြစ်ကြောင်း၊ နံ့သာရည်များနဲ့ မျက်နှာတော်သစ်သော ဗုဒ္ဓဝေယျာဝစ္စအမှုကို ပြုပြီဖြစ်ကြောင်း သိရှိနားလည်နေကြပြီးဖြစ်ပါတယ်။ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးများလည်း ဘုရားကြီး မျက်နှာတော်သစ်ပူဇော်ခြင်းကို ကိုယ်တွေ့မျက်မြင် ဖူးမြော်လိုကြတဲ့အတွက် စောင်းတန်းတံခါးများ မဖွင့်မီကပင် ကြိုတင်ရောက်ရှိ စောင့်မျှော်နေ တတ်ကြပါတယ်။ မန္တလေးမြို့ကြီးအတွက် မင်္ဂလာရှိသော နေ့သစ်တစ်နေ့ကို ဘုရားကြီး မျက်နှာတော်သစ်ခြင်းဖြင့် စတင်ဖွင့်လှစ်ကြပါ တယ်။

**ရေတော်ဆရာတော်**

နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး နေ့စဉ် နံနက်တိုင်း အရုဏ်တက်ချိန်မှာ ဂန္ဓကုဋီတိုက် တံခါး တော်များ ဖွင့်လှစ်ပြီး မျက်နှာတော်သစ်၊ တံပူတော်ကပ်၊ ယပ်တော်သွင်း၊ ရောင်တော်ဖွင့် စတဲ့ ပြုမြဲရေတော်ဝတ်ကို ကြိုးကုပ်အားထုတ် ဆောင်ရွက်ရန် အလို့ငှာ ခေတ်အဆက်ဆက်မှာ သံဃသမ္မုတိရ ဆရာတော်တစ်ပါး ရွေးချယ် တင်မြှောက်ထားရှိခဲ့ကြပါတယ်။ ထိုဆရာတော် ကို ရေတော်ဆရာတော်လို့ ခေါ်ဝေါ်သမုတ် ဝတ်ပြုခဲ့ကြပါတယ်။ မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ်မှ စပြီး ယခု ၁၃၈၆ ခုနှစ်အထိ နှစ်ပေါင်း ၂၃၃ နှစ်အတွင်း သံဃသမ္မုတိရ ရေတော် ဆရာတော် ရှစ်ပါး၊ အရန်သမ္မုတိရ ဆရာတော် သုံးပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း မှတ်တမ်းများ အရ သိရှိမှတ်သားရပါတယ်။

**ရှေးကရေတော်ဆရာတော်ကြီးများ**

"ဥဩ ရေသောက်၊ မုနိရောက်လို့" အဆို ရှိပြီး ၄င်းအဆိုကို အမည်နံသင့်ကောက်ယူလျှင် မြန်မာ သက္ကရာဇ် ၁၁၄၆ ခုနှစ်မှာ မဟာမုနိ ရုပ်ရှင်တော် ဘုရားကြီးစတင်ရောက်ရှိ ကိန်းဝပ် စံပယ်တော်မူကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ စံပယ်တော်မူတဲ့ အစ ပထမ ၇ နှစ်ခန့်ကာလ များမှာ သီလ၊ သမာဓိနဲ့ပြည်စုံပြီး ယုံကြည် စိတ်ချအားထားရတဲ့ မထေရ်တစ်ပါး ပါးက မျက်နှာတော်သစ်ခြင်းကို ဝတ်ပြုဆောင်ရွက် ခဲ့ကြတယ်လို့ သိရှိရသော်လည်း မည်သည့်ဆရာ တော်က ရေတော်ဝတ်ပြုကြောင်း မှတ်တမ်း ရှာမတွေ့ခဲ့ပါ။ အစောဆုံးအထောက်အထား အဖြစ် အမရပူရပဌမမြို့တည်နန်းတည် ဘိုးတော် ဦးဝိုင်း(ခ)ပဒုံမင်းတရားကြီးရဲ့ တောင်ရွှေရေးဆောင် မိဖုရားကြီး သီရိမဟာမင်္ဂလာဒေဝီ ကိုးကွယ်တဲ့ ပထမရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ရှင်ဩဘာဓမ္မက မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်ကစပြီး ရေတော်ဝတ်ကို ဝတ်ပြုဆောင်ရွက်ခဲ့တယ်လို့ တွေ့ရှိမှတ်သားရပါ တယ်။ အဲဒီနေ့မှာပဲ မိဖုရားကြီးက ကြိုတင်စီမံ ဆောက်လုပ်ထားတဲ့ ဝေယံစံလွှတ်ရွှေရေးဆောင် ကျောင်းတိုက်ကြီးကို ရေစက်ချလှူဒါန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရွှေရေးဆောင်ကျောင်း တိုက်ဟာဘုရားကြီးနဲ့ ကပ်လျက်အနောက်မြောက် ထောင့်မှာ တည်ရှိပါတယ်။

အဲဒီနောက်မှာ တောင်ခွင်သာသနာပိုင် သုခ ဓမ္မဂိုဏ်းချုပ်ဥက္ကဋ္ဌဆရာတော်က ရေတော်ဝတ်ပြု ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် သီပေါအရှင်နှစ်ပါး ပါတော်မူအပြီးမှာတော့ အိန္ဒိယဘုရင်ခံချုပ်ရဲ့ ဘာသာ သာသနာဆိုင်ရာ အခွင့်အမိန့်ကို ရရှိတော်မူတဲ့ မာလာလင်္ကာရ အတု လာဓိပတိ သီရိပဝရဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ တောင်တော် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုတင် မြှောက်ချက်အရ ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဦးနန္ဒအား မျက်နှာသစ်ရေတော်ဆက် ကပ်ရန် ဂန္ဓကုဋီတိုက်သော့များ အပ်နှံတာဝန်ပေး တော်မူခဲ့ပါတယ်။ ၄င်းဆရာတော်ကြီးရဲ့ နောက် မှာတော့ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ သုဓမ္မာ ဂိုဏ်းဥက္ကဋ္ဌဆရာတော် ဦးဝိုင်းက မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်တိုင်အောင် မျက်နှာတော်သစ်ခြင်း ရေတော်ဝတ်ကို ပြုခဲ့တယ်လို့ လေ့လာသိရှိရပါ တယ်။

မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်မှာတော့ ဘုရား ကြီးအား နေ့စဉ် နံနက်တိုင်း ရေတော်ဝတ်ဆောင်ရွက် မည့် ဆရာတော်လစ်လပ်ကြောင်း မဟာမုနိဘဏ္ဍာ တော်ထိန်း အမှုဆောင်လူကြီးမင်း ဦးဘောက လျှောက် ထားတဲ့အတွက် မဟာသံဃာ့ရာဇာ သာသနာပိုင် ဆရာတော်ကြီးရဲ့ ခွင့်ပြုအပ်နှင်းချက်အရ ထိုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်ကစပြီး မန္တလေးမြို့၊ ဒက္ခိဏာရာမတိုက်၊ မင်္ဂလာဇေယျုကျောင်းမှာ သီတင်းသုံးတော်မူသော အရှင်ပဏ္ဍာဝဟာ မဟာမုနိ ရေတော်ဝတ်ကို ဆောင်ရွက်တော်မူရတဲ့ ရေတော် ဆရာတော် ဖြစ်လာပါတယ်။ ဆရာတော် အရှင် ပဏ္ဍာဝဟာ ၁၂၈၆ ခုနှစ်ကစပြီး ၁၃၂၆ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော် ကြာရေတော်ဝတ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့ပါတယ်။ဆရာတော်ဟာ ရေတော်ဝတ် ကို ဆောင်ရွက်စဉ်ကာလအတွင်း မဟာမုနိဝတ်ရွတ် စဉ်နဲ့ အရဟာဂုဏာဒိဝိဘာဝနီကျမ်းကို ရေးသားပြုစု တော်မူခဲ့ပြီး ဗုဒ္ဓရေတော်ဝတ် အသင်းသူ၊ အသင်း သားတို့ နေ့စဉ် ဝတ်တက် ဝတ်ကပ်ဆောင်ရွက် ရာမှာ လက်ကိုင်ပြုစေခဲ့ပါတယ်။ ၁၃၂၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ မှာတော့ ဆရာတော်ဦးပဏ္ဍာဝ ပျံလွန်တော်မူ ခဲ့ပြီး ရေတော် ဆရာတော်လစ်လပ်ခဲ့ပြန်ပါတယ်။

ထိုစဉ်က မဟာမုနိဘုရားကြီး ဩဝါဒါစရိယ ဝန်ဆောင်ဆရာတော်ဖြစ်တဲ့ ဘုရားကြီးတိုက်၊ ဟံသာဝတီကျောင်းဆရာတော် ဦးဣန္ဒာသဘ၊ တွဲဖက်ဝန်ဆောင်ဆရာတော် မဟာနန္ဒိသေနာရာမ တိုက်ဆရာတော် ဦးနန္ဒိသေနာဘိဝံသတို့က တောင် ပြင်ထီးလင်းတိုက်၊ ဝိဇ္ဇာဓမ္မသုခအုတ်ကျောင်းဆရာ တော် ဦးကုဏ္ဍလကို ရေတော်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ ရေတော်ဆရာ တော် ဦးကုဏ္ဍလဟာ ၁၃၂၆ ခုနှစ်၊ နတ်တော် လပြည့်ကျော် ၁၀ ရက်မှစပြီး ၁၃၄၉ ခုနှစ်အထိ ဘုရားကြီးမျက်နှာတော်သစ်ခြင်း ရေတော်ဝတ် ကို ၂၃ နှစ်ကြာ ဆောင်ရွက်တော်မူခဲ့ပါတယ်။

**ရေတော်ဆရာတော် ရွေးချယ်ရေး ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

မြန်မာသက္ကရာဇ် ၁၃၄၉ ခုနှစ်မှာတော့ ဆရာ တော် ဦးကုဏ္ဍလ ပျံတော်မူတဲ့အတွက် ရေတော် ဆရာတော် လစ်လပ်လျက်ရှိကြောင်း ဂေါပက အဖွဲ့ရဲ့ လျှောက်ထားချက်အရ ဩဝါဒါစရိယ ဆရာတော်များ စုံညီအစည်းအဝေးက ရေတော် ဆရာတော် တစ်ပါးရွေးချယ်ပေးရန် ဩဝါဒါ စရိယဆရာတော်ကြီး လေးပါးကို ဖွဲ့စည်းတာဝန် ပေးတော်မူခဲ့ပါတယ်။

အဲဒီဆရာတော်ကြီးတွေကတော့ -

(၁) အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒိသေနာ ဘိဝံသ၊ မဟာနန္ဒိသေနာရာမကျောင်း တိုက်၊ မန္တလေးမြို့။

(၂) နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တဇာဂရ၊ ပြည်လုံးအုံ့ကျောင်းဆရာတော် မြင်းဝန် တိုက်၊ မန္တလေးမြို့။

(၃) နိုင်ငံတော်သံဃာ့မဟာနာယက အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တမေဓိယာဘိဝံသ၊ နယားကျောင်းဆရာတော်၊ ဘုရားကြီး တိုက်၊ မန္တလေးမြို့။

(၄) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂ မဟာပဏ္ဍိတဘဒ္ဒန္တဉာဏဝရ ဘိဝံသ၊ အောင်မြေရတနာကျောင်းဆရာတော်၊ ညောင်ကန်တိုက်၊ မန္တလေးမြို့တို့ ဖြစ် ကြပါတယ်။

**ပြည့်စုံရမည့် အင်္ဂါရပ်များ**

ရေတော်ဆရာတော် ရွေးချယ်ရေးတာဝန် ပေးအပ်ခြင်းခံရတဲ့ အထက်ဖော်ပြပါ ဆရာတော်ကြီး လေးပါးက မဟာမုနိရေတော်ဝတ်ကို ဆောင်ရွက် တော်မူမည့် သမ္မုတိရဆရာတော်တွင် ပြည့်စုံ ရမည့် အင်္ဂါရပ်များနဲ့ ကာလသတ်မှတ်ချက်များ ကိုလည်း အောက်ပါအတိုင်း ရေးဆွဲပြဋ္ဌာန်း တော်မူခဲ့ကြပါတယ်။

(၁) ရေတော်ဝတ်ဆောင်ရွက်သည့် ဆရာ တော်သည် သက်တော်(၅၀)မှ (၇၀) အတွင်း ရှိရမည်။

(၂) ကြည်ညိုဖွယ်ဆောင်သော ဥပဓိသမ္ပတ္တိ နှင့် ပြည့်စုံရမည်။

(၃) ရာဇဝတ်မှုကျူးလွန်ခြင်း မရှိစေရ။

(၄) အန္တိမဝတ္ထုဖြင့် ဆိုင်ရာဝိနည်းမိုရ်ရုံးမှ ဆုံးဖြတ်ခြင်းမခံရသော သံဃာတော် ဖြစ်ရမည်။

(၅) ကိုယ်ရေပြားရောဂါစွဲကပ်ခြင်း မရှိ စေရ။

(၆) ရေတော်နေရာ လစ်လပ်ခဲ့သော်(တစ်လ အတွင်း) ရွေးချယ်တင်မြှောက်တာဝန် ပေးရမည် ဟူ၍ ဖြစ်သည်။

**ရေတော်ဆရာတော်ရွေးချယ်တင်မြှောက်ခြင်း**

ဖော်ပြပါ ပြဋ္ဌာန်းအင်္ဂါရပ် သတ်မှတ်ချက်များ နဲ့အညီ ရေတော်ဝတ်ပြုဆောင်ရွက်ခွင့် လျှောက် ထားသော သံဃာတော်သုံးပါးရဲ့ လျှောက်လွှာ သုံးစောင်ကို စိစစ်ပြီးနောက် သက်တော် ၅၃ နှစ်၊ ဝါတော် ၃၃ ဝါရှိ ဦးပညာဝံသ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ဓဇဓမ္မာစရိယ ပိဋကတ်တိုက်ကျောင်း၊ တောင်ပြင်ထီးလင်းတိုက်ဆရာတော်ကို ရေတော် ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်တော် မူခဲ့ကြပါတယ်။ ဆရာတော်ကို ရမည်းသင်း ခရိုင်၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်အရှေ့ရွာ၊ ခမည်းတော် ဦးမင်းနိုင်၊ မယ်တော် ဒေါ်စော တို့က မြန်မာသက္ကရာဇ် ၁၂၉၆ ခု၊ တပေါင်း လဆုတ် ၃ ရက်မှာ ဖွားမြင်ခဲ့ပါတယ်။ ဆရာ တော်ဟာ ဩဝါဒါစရိယဆရာတော်ကြီးများရဲ့ ဩဝါဒကို ခံယူပြီးနောက် ၁၃၄၉ ခု၊ တပေါင်း လဆန်း ၁ ရက်၊ အင်္ဂါနေ့ နံနက်မှစတင်ပြီး ဘုရားကြီးမျက်နှာတော်သစ်ခြင်း၊ ရေတော်ဝတ် ကို ရွက်ဆောင်တော်မူခဲ့ပါတယ်။ မျက်နှာတော် သစ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းများကိုလည်း ငွေထည်များ ပြုလုပ်အသုံးပြုခဲ့ပါတယ်။ ဆရာ တော်အနေနဲ့ သက်တော်ထင်ရှား မြတ်စွာဘုရား ရှင်ကို ရည်မှန်းပြီး ကိုယ်စားရုပ်ပွားဆင်းတု တော်ဖြစ်တဲ့ မဟာမုနိဘုရားကြီးအား မျက်နှာ တော်သစ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းများကို ရှိရင်းစွဲ ငွေထည်ပစ္စည်းများနဲ့ ပုံသဏ္ဌာန်တူ၊ အလေးချိန်တူတဲ့ ရွှေအစစ်နဲ့ ပြုလုပ်လှူဒါန်း ပူဇော်နိုင်ရေးကိုလည်း တပည့်ဒါယကာ၊ ဒါယိ ကာမ၊ အလှူရှင်များကို ဦးစီးဦးဆောင်ပြီး စီမံ ဆောင်ရွက်တော်မူခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)




## အယ်လ်ဒူဟေးလ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု ဇီယာ့ချ်ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂**

တောင်ပံကစားသမားအသစ် ဇီယာ့ချ်က မိမိအနေဖြင့် အယ်လ်ဒူဟေးလ်အသင်းအတွက် အစွမ်းကုန် ပေးဆပ်ကြိုးစားပြီး အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါတောင်ပံကစားသမားသည် ဂါလာတာစာရေးအသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် အယ်လ်ဒူဟေးလ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမားသည် ဇီယာ့ချ်သည် အယ်လ်ဒူဟေးလ်အသင်းတွင် ကျောနံပါတ် ၉၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဇီယာ့ချ်က 'အယ်လ်ဒူဟေးလ်အသင်းသို့ ပြောင်းရွှေ့ခွင့်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ။ ပြီးတော့ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကိုလည်း ရယူသိမ်းပိုက်သွားမှာပါ'ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**




## အေဒန်ဟီဗန်အား မန်ချက်စတာယူနိုက်တက်အသင်းခေါ်ယူ

**မန်ချက်စတာ ဖေဖော်ဝါရီ ၂**

မန်ချက်စတာယူနိုက်တက်အသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား အေဒန်ဟီဗန်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။



အဆိုပါနောက်ခံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

အသက် ၁၈ နှစ်အရွယ်ရှိ နောက်ခံကစားသမား အေဒန်ဟီဗန်သည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် 'အေဒန်ဟီဗန်အား ခေါ်ယူနိုင်ခဲ့ပါပြီ။ အသင်းအနေနှင့်လည်း နောက်ထပ် ကစားသမားအသစ်တွေကို ခေါ်ယူအားဖြည့်သွားအုံးမှာပါ'ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

**(NGB)**

## 2025 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Aleksandar Kovacevic တက်ရောက်

**မောင့်ပယ်လီယာ ဖေဖော်ဝါရီ ၂**

ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန် တင်းနစ်ကစားသမား Aleksandar Kovacevic တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic သည် 2025 Open Occitanie တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား Aleksandar Kovacevic နှင့် ကနေဒါ တင်းနစ်ကစားသမား Felix Auger Aliassime တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အောက်ပုံ)** **(NGB)**



## ဇာဗီဆိုင်မွန်အား လိုက်ပဇစ်အသင်း အပြီးအသတ်ခေါ်ယူ

**မြူးနစ် ဖေဖော်ဝါရီ ၂**

လိုက်ပဇစ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အငှားဖြင့် ခေါ်ယူထားသော ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန်အား အပြီးအသတ် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကွင်းလယ်တိုက်စစ်ကစားသမားသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန်သည် ပီအက်စ်ဂျီအသင်းမှ လိုက်ပဇစ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၆၀ ကစား၍ ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက အပြီးအသတ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဇာဗီဆိုင်မွန်က 'လိုက်ပဇစ်အသင်းသို့ အပြီးအသတ် ပြောင်းရွှေ့ခွင့်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနှင့်အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒီအသင်းကလည်း ကျွန်တော့်ရဲ့ အိမ်လိုပါပဲ'ဟု ပြောသည်။

(ဝဲပုံ) **(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒို ကလပ်နိုင်ပွဲ ပွဲပေါင်း ၇၀၀ ပြည့်မြောက်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်းက ဘရိုက်တန်အသင်းအား ၇ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနည်းပြ နူနိုဆန်တိုစ်က ယခုပွဲစဉ်တွင် အသင်းသားများ၏ခြေစွမ်းအား အားရကျေနပ်မိကြောင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။ **(NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

(၆) **ချဲလ်ဆီး - ဝက်စ်ဟမ်း** (၁၄)

ဖေဖော်ဝါရီ ၄ ရက် (အင်္ဂါနေ့) နံနက် ၀၂:၃၀ နာရီ

**ပထမအကျော့ရလဒ်** - ဝက်စ်ဟမ်း ၀-၃ ချဲလ်ဆီး

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | ချဲလ်ဆီး | ၁-၀ | ဝက်စ်ဟမ်း | ၃-၁ | ချဲလ်ဆီး |
| ၂၀၂၂-၂၃ | ။ | ၂-၁ | ။ | ၁-၁ | ။ |
| ၂၀၂၃-၂၄ | ။ | ၅-၀ | ။ | ၃-၁ | ။ |

**နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| ချဲလ်ဆီး(အိမ်ကွင်း) | ၁၁ | ၄ | ၅ | ၂ | ၂၀ | ၁၄ |
| ဝက်စ်ဟမ်း(အဝေးကွင်း) | ၁၂ | ၃ | ၄ | ၄ | ၁၂ | ၁၈ |

လန်ဒန်တစ်မြို့တည်းသားချင်း ဒါဘီပွဲဖြစ်၍ အကြိတ်အနယ်ရှိမည့်ပွဲဖြစ်ပြီး လက်ရှိခြေစွမ်းအရ အစဉ်အလာအတိုင်း အိမ်ရှင်ချဲလ်ဆီးတို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

ချဲလ်ဆီး-ရှုံး၊ သရေ၊ သရေ၊ နိုင်၊ ရှုံး ဝက်စ်ဟမ်း-ရှုံး၊ ရှုံး၊ နိုင်၊ ရှုံး၊ သရေ

## ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် နယူးကာဆယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ဒဏ်ငွေချမှတ်ခြင်းခံရ

**လန်ဒန် ဖေဖော်ဝါရီ ၂**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေသည် နှစ်ဖက်ကစားသမားများ ရန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့မှုအတွက် နယူးကာဆယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့အား ဒဏ်ငွေအသီးသီး ချမှတ်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၆ ရက်က နယူးကာဆယ်အသင်းက အက်စ်တွန်ဗီလာ အသင်းအား ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် နှစ်ဖက်အသင်းစလုံး ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် ဒဏ်ငွေချမှတ်ခြင်းခံခဲ့ရသည်။

အက်စ်တွန်ဗီလာအသင်းအား ဒဏ်ငွေ စတာလင်ပေါင် ၃၀၀၀၀၊ နယူးကာဆယ်အသင်းအား ဒဏ်ငွေ စတာလင် ပေါင် ၂၀၀၀၀ တို့ အသီးသီး ချမှတ်ခြင်းခံခဲ့ရသည်။ **(အောက်ပုံ)**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေ ထုတ်ပြန်ချက်တွင် 'ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုအတွက် နယူးကာဆယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့အား ဒဏ်ငွေအသီးသီး ချမှတ်ခဲ့ပါတယ်။ နောက်နောင် ယခုလို ဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားမှုမရှိရန်လည်း အသင်းတာဝန်ရှိသူများအား သတိပေး ပြောကြားခဲ့ပါတယ်'ဟု ထုတ်ပြန်သည်။ **(NGB)**



### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၂-၂၀၂၅ | (၆)မစ်ဒယ်ဘရော - ဆန်းဒါးလန်း(၄) | မစ်ဒယ်ဘရော ၁-၁ ဆန်းဒါးလန်း | မစ်ဒယ်ဘရော(အိမ်) | ၁၅ | ၇ | ၅ | ၃ | ၂၂ | ၁၅ |
| နံနက်၀၂:၃၀နာရီ | (ဆန်းဒါးလန်း ၁-၀ မစ်ဒယ်ဘရော) | ဆန်းဒါးလန်း ၀-၄ မစ်ဒယ်ဘရော | ဆန်းဒါးလန်း(ဝေး) | ၁၅ | ၆ | ၅ | ၄ | ၁၈ | ၁၄ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၂-၂၀၂၅ | (၁၅)ကယ်ဂလီယာရီ - လာဇီယို(၄) | ကယ်ဂလီယာရီ ၁-၃ လာဇီယို | ကယ်ဂလီယာရီ(အိမ်) | ၁၁ | ၃ | ၃ | ၅ | ၁၂ | ၁၉ |
| နံနက်၀၂:၄၅နာရီ | (လာဇီယို ၂-၁ ကယ်ဂလီယာရီ) | လာဇီယို ၁-၀ ကယ်ဂလီယာရီ | လာဇီယို(ဝေး) | ၁၁ | ၆ | - | ၅ | ၁၈ | ၁၄ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၂-၂၀၂၅ | (၈)ဂျီရိုနာ - လာ့ပါးမက်စ်(၁၅) | ဂျီရိုနာ ၁-၀ လာ့ပါးမက်စ် | ဂျီရိုနာ(အိမ်) | ၁၀ | ၅ | ၁ | ၄ | ၁၉ | ၁၅ |
| နံနက်၀၂:၃၀နာရီ | (လာ့ပါးမက်စ် ၁-၀ ဂျီရိုနာ) | လာ့ပါးမက်စ် ၀-၂ ဂျီရိုနာ | လာ့ပါးမက်စ်(ဝေး) | ၁၀ | ၃ | ၁ | ၆ | ၁၂ | ၁၉ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃-၂-၂၀၂၅ တနင်္လာနေ့ | ညနေ ၃:၃၀ နာရီ (ရန်ကုန်ကွင်း) | (၉)သစ္စာအားမာန် - ဟံသာဝတီ(၂) (ဟံသာဝတီ ၁-၀ သစ္စာအားမာန်) | —— |
| ။ | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၇)မဟာ - ရတနာပုံ(၆) (ရတနာပုံ ၃-၂ မဟာ) | မဟာ ၀-၀ ရတနာပုံ ရတနာပုံ ၀-၀ မဟာ |



## ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပမည်

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်အတွင်း ပွင့်လင်းရာသီခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်များတွင် ညောင်ရွှေမြို့ ဖောင်တော်ပြန်မဏ္ဍပ် (နမ့်ကပ်ချောင်း)၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် အင်းသားရိုးရာ လေးကျိုပ်ခြောက်တက် (အမျိုးသား)ပြိုင်ပွဲ၊ အင်းသားရိုးရာ နှစ်ကျိုပ်ခြောက်တက် (အမျိုးသမီး)ပြိုင်ပွဲ၊ နှစ်ကျိုပ်ခြောက်တက်ကျောင်းသားပြိုင်ပွဲများကို ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## သူနာပြုသင်တန်းကျောင်း၌ ငှက်ဖျားအန္တရာယ်အကြောင်း အသိပညာပေး ဟောပြော

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သူနာပြုသင်တန်းကျောင်း၌ ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းက ငှက်ဖျားအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် အရေးပေါ်အခြေအနေတွင် ဘေးကင်းလွတ်မြောက်ရာသို့ စနစ်တကျထွက်ခွာခြင်း ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့သည်။



အဆိုပါ ငှက်ဖျားအန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာတွင် ဇမ္ဗူသီရိမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က ငှက်ဖျားအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့လာရပါက ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်၊ မိမိကိုယ်ကိုမထိခိုက်အောင် ကာကွယ်တတ်စေရန်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ကာကွယ်ရမည့်နည်းလမ်းများနှင့် အန္တရာယ်ရှိအဆောက်အအုံမှ ဘေးလွတ်ရာနေရာသို့ စနစ်တကျ ရှောင်တိမ်းတတ်စေရန် ရည်ရွယ်၍ ငှက်ဖျားအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငှက်ဇာတ်တိုက်လေ့ကျင့်ခန်းကို လက်တွေ့ပြုလုပ်ရာ သူနာပြုသင်တန်းကျောင်းမှ သင်တန်းအုပ်ချုပ်သူ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၈၀ ဦး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဖန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အဆိုပါ ကျောင်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခြေခံပညာမူလတန်းလွန်ကျောင်း Grade -3 မှ ကျောင်းသား၊ ကျောင်းသူလေးများက လမ်းပြကြယ်သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သဖန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရဲမင်းထွန်းက ပညာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားခဲ့ကာ ကျောင်းအကျိုးတော်ဆောင် နာယက ဦးစိုးမြင့်က ကျောင်းလုပ်ငန်းလုပ်ဆောင်မှုများအား ပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် အဘက်ဘက်မှ လိုအပ်သည်များကို ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ခြင်း၊ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး မြတ်ဆရာသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင် (ဗိသုနိုးမြေ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



ရောဂါကင်းစင် စိတ်လန်းရွှင် အမြင်လည်းလှ သန့်ရှင်းကြ။



## ၂၀၂၄ ခုနှစ်အတွင်း ၄၉ နိုင်ငံသို့ ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၇ သန်းကျော် တင်ပို့ခဲ့

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံသို့ ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၇ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ၂၀၂၄ ခုနှစ် ပို့ကုန်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဆန်၊ ဆန်ကွဲတွေကို ကုမ္ပဏီ ၁၀၃ ခုမှ တင်ပို့ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၃၃၁ ဒသမ ၈၉၉ သန်း ရရှိခဲ့ခြင်း ဖြစ်သည်။

ဆန်၊ ဆန်ကွဲအမျိုးအစား ၈ မျိုးကို ပြည်ပဈေးကွက်ထံ တင်ပို့ရောင်းချခဲ့ရာ ၅ မှတ်ဆန်တင်ပို့မှုမှ တန်ချိန် ၉၄၉၀၆၆ တန်၊ တန်ဖိုးအားဖြင့် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁၅ သန်းကျော်အထိ အများဆုံးရရှိခဲ့သည်။

မြန်မာဆန် ဝယ်ယူသည့် နိုင်ငံပေါင်း ၄၅ နိုင်ငံထဲမှာ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် ၆၉၄၆၁၈ တန်နဲ့ အများဆုံးဝယ်ယူထားပြီး ထိပ်သီးဆန်ဝယ်လက်နိုင်ငံတွေထဲမှာတော့ ဒေသတွင်းက တရုတ်နဲ့ ဖိလစ်ပိုင်နိုင်ငံများ ပါဝင်သည်။

ဆန်ကွဲဝယ်လိုအားရှိသည့် နိုင်ငံ ၂၉ နိုင်ငံထဲမှ ဘယ်လ်ဂျီယံနိုင်ငံက တန်ချိန် ၃၅၂၅၉၃ တန်အထိ အများဆုံးဝယ်ယူထားပြီး တရုတ်၊ အင်ဒိုနီးရှား၊ ဆီနီဂေါ၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေဟာ ထိပ်တန်းဝယ်လက်တွေ ဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မှတ်တမ်းများအရ ဆန်၊ ဆန်ကွဲတင်ပို့မှု စုစုပေါင်း ၉၈ ရာခိုင်နှုန်းကို ပုံမှန်ကုန်သွယ်ရေးဖြစ်သော ပင်လယ်ရေကြောင်းကနေ တင်ပို့နိုင်ခဲ့တာဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကနေ တင်ပို့မှု စုစုပေါင်း ၂ ရာခိုင်နှုန်းသာ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဆောင်းရာသီကာလအတွင်း ငါးခြောက်များ ရောင်းအားကောင်းလျက်ရှိ

**ပခုက္ကူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဆောင်းရာသီကာလအတွင်း ရန်ကုန်မြို့နှင့် အခြားမြို့များမှ မှာယူရောင်းချသည့် ငါးခြောက်များ ရောင်းအားကောင်းလျက်ရှိသည်။

"ပခုက္ကူမြို့၊ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီးသို့ ရန်ကုန်မြို့နှင့် အခြားမြို့များမှ နေ့စဉ်မှာယူရောင်းချလျက်ရှိသော ငါးခြောက်များ ရောင်းအားကောင်းလျက်ရှိပြီး ငါးရံ့ခြောက်အလတ်စားတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၊ ငါးရောင်အသားမြောင်း အလတ်စားတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀၊ ငါးထေပတ်တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ ငါးနီတူတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၊ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ငါးဖောင်ရိုး တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ ဈေးနှုန်းအသီးသီးတို့ဖြင့် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ငါးပိ၊ ငါးခြောက်များကို မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများ၌ အလှူအတန်းများ၊ သာရေး၊ နာရေးနှင့် ပွဲလမ်းသဘင်များအတွက် အများအားဖြင့် လာရောက်ဝယ်ယူလေ့ရှိကြပြီး ယခုနှစ် ဆောင်းရာသီကာလဖြစ်သည့် ဇန်နဝါရီလ ဒုတိယပတ်နှင့် တတိယပတ်အတွင်း ဒေသခံပြည်သူများ အများဆုံးဝယ်ယူကြကြောင်း" မြို့မဈေးသည် တစ်ဦးက ပြောသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ဆောင်းရာသီကာလအတွင်း အနွေးဓာတ်ရရှိနိုင်ရေး ထမင်းဟင်းများကို ထင်းမီးများဖြင့် ချက်ပြုတ်လေ့ရှိကြပြီး မီးခဲများ အားကောင်းလာချိန်တွင် ငါးခြောက်များအား မီးကင်၊ မီးဖုတ်၍ ထမင်းဆီဆမ်းတို့ဖြင့် မိရိုးဖလာစားသောက်လေ့ရှိတတ်ကြကြောင်း သိရသည်။

**(အောက်ပုံ) (၃၄၀)**





## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက သရက်မြို့ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တွင် ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ၄၅၀ ဦးခန့်ဖြင့် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

## သံပရာပင် စိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ တိုးပွား

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် သံပရာပင်သီးနှံစိုက်ပျိုးလုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်းပြီး သံပရာသီးများ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရသဖြင့် မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။



"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေအောက်ရေနဲ့ တစ်ပိုင်တစ်နိုင် သံပရာသီးစိုက်ပျိုးလုပ်ကိုင်တဲ့ တောင်သူတွေ အောင်မြင်ဖြစ်ထွန်းပြီး သံပရာသီးများ ဆွတ်ခူးရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ ရရှိနေကြတယ်။ သံပရာသီးက နှစ်ရှည်သီးနှံဖြစ်လို့ တစ်နှစ်ကို သုံးကြိမ် အသီးသီးပါတယ်။ သံပရာပင်တစ်ပင်ဆိုရင် အသီးအလုံးရေ အနည်းဆုံးပျမ်းမျှ ၈၀၀၊ ၁၀၀၀ ဝန်းကျင်ခန့် အသီးသီးပါတယ်။ ဒါ့ကြောင့် သံပရာသီးကို စနစ်တကျ စိုက်ပျိုးမည်ဆိုပါက တစ်နှစ်ပတ်လုံးဝင်ငွေ ရရှိနိုင်တာဖြစ်လို့ တောင်သူတွေအတွက် အားထား စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှဒေသခံ တောင်သူတစ်ဦးက ပြောသည်။

သံပုရာပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် အစေ့ချစနစ်နဲ့ စိုက်ပျိုး၍ ရသလို မျိုးဆက်ပွားကိုင်းကူးနည်းစနစ်နဲ့လည်း စိုက်ပျိုးလို့ရကြောင်း၊ အစေ့ချစနစ်နဲ့ စိုက်ပျိုးရာတွင် စိုက်ပျိုးရန် တစ်ပေခွဲပတ်လည်မြေကျင်းများတူးပြီး နွားချေး၊ မြေဆွေး၊ ဖွဲပြာတို့ကို ရောနှောထည့်ကာ ရေအစိုဓာတ်ရအောင်ပြုလုပ်၍ စိုက်ပျိုးနိုင်ပြီး ပင်ခြားတန်းခြားကို အနည်းဆုံး ၉ ပေမှ ၁၀ ပေခန့်ထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်အကြာတွင် အသီးအပွင့်များစတင်ထွက်ရှိကာ သံပရာသီးများ ကြီးထွားဖွံ့ဖြိုးစေရန်နှင့် အထွက်နှုန်းမလျော့နည်းစေရန် သံပုရာပင်အား အပင်အားဆေးနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခြင်း၊ မြေဩဇာနှင့် သဘာဝစိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ပေးရကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် သံပရာသီးများ လှိုင်လှိုင်ထွက်ရှိပြီး သီးနှံဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်း၊ အချို့တောင်သူများက သီးနှံအပိုဝင်ငွေ ရရှိစေရန် မြေအောက်ရေဖြင့် မိမိတို့၏ နေအိမ်ခြံဝင်း မြေကွက်လပ်များနှင့် သီးနှံစိုက်ပျိုးမြေများတွင် သံပရာပင်သီးနှံကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သံပရာသီးများ ဆွတ်ခူးရောင်းချနေရသဖြင့် မိသားစုဝင်ငွေတိုးပွား၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## တောင်သူတွေ အဓိကသုံးစွဲနေတဲ့ မြေသြဇာသုံးမျိုးအတွက် ရည်ညွှန်းဈေး ထုတ်ပြန်

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက တောင်သူတွေအဓိကသုံးစွဲနေတဲ့မြေသြဇာသုံးမျိုးအတွက် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင် ဈေးတွေကို သတ်မှတ်ထုတ်ပြန်ထားသည်။

ယူရီးယားမြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀၊ Rock Phosphate အခြေခံ ၁၅ ပတ်လည် ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ သတ်မှတ်ထားသည်။

ဒေသအလိုက် သယ်ယူစရိတ်တွေအပေါ်မူတည်ပြီး ဈေးနှုန်းအနည်းငယ် ပြောင်းလဲနိုင်ပြီး ရည်ညွှန်းဈေးနှုန်းတွေအတိုင်း မရောင်းချပါက တိုင်ကြားနိုင်ကြောင်း အသိပေးထားကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ELEKTA Infinity စက်ကြီးဖြင့် ကင်ဆာဝေဒနာရှင်များအား ကုသမှုဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဌာနတွင် အပြင်ဓာတ်ရောင်ခြည်ကုသစက် (External Bean Radiation Therapy Machine)လေးလုံးနှင့်အတွင်း ရောင်ခြည် ကုသစက် (Brachy therapyMachine) တစ်လုံးတပ်ဆင်ထားရှိပြီး ကင်ဆာဝေဒနာရှင်များအား ကုသပေးခဲ့ပြီး၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ELEKTA-Infinity(LAmachine)စက်တွင် အဆင့်မြင့်နည်းပညာများဖြစ်သည့် VMAT(Volumetric Modulated ArcTherapy), IMRT (Intensity Modulated Radiation Therapy)များ အသုံးပြုနိုင်သဖြင့် ပိုမိုထိရောက်ပျောက်ကင်းစေနိုင်သည့်အပြင် ရောင်ခြည်၏ ဘေးထွက်ဆိုးကျိုးများကိုလည်း များစွာလျော့နည်းစေနိုင်ပြီး အထူးသဖြင့် ဦးနှောက်အကျိတ်ကင်ဆာ (Brain Tumor)၊ မျက်နှာ၊ မေးရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်းကင်ဆာများ(Head and Neck Cancer)အတွက် အလွန်ထိရောက်စွာ ကုသပေးနိုင်သည်။



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ကင်ဆာဓာတ်ရောင်ခြည်ဌာနတွင် ELEKTA-Infinity စက်ကြီးဖြင့် ကင်ဆာဝေဒနာရှင်များကို နေ့စဉ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


(၀၄၅)

၀-၀-၀-၀-၀-၀-၀

## ဝတ္ထုတိုကဏ္ဍ

# မေတ္တာရေစမ်း မခန်းတဲ့ မေမေ

အင်းကြင်းစု - မျိုးချစ်ဆွေ(မန္တလေး)



နူးညံ့တဲ့ မှိုပွင့်ဟာ ခက်မာတဲ့ မဟာပထဝီမြေပြင်ကို ဖောက်ထွင်းနိုင်စွမ်းရှိတယ်တဲ့ မေမေ။ အကောင်အထည်ရှာမရလောက်အောင် သိမ်မွေ့လှတဲ့ ရေလှိုင်းကလေးဟာလည်း မာကျောတောင့်တင်းတဲ့ ကျောက်တောင်၊ ကျောက်စောင်းများကို သဲမှုန်ကလေးတွေဖြစ်သွားအောင် တိုက်စားစွမ်းဆောင်နိုင်ပါသတဲ့ မေမေ။ အဲဒီလိုပါပဲ။ မိခင်တို့ရဲ့ မေတ္တာ၊ ကရုဏာနဲ့ ထုံမွမ်းထားတဲ့ သားသမီးတို့ရဲ့ ခပ်မာလှတဲ့ နှလုံးသားကို ပျော့ပျောင်းသွားအောင် စွမ်းဆောင်နိုင်သတဲ့ မေမေ။

ဩော် . . . မေမေရယ်၊ မေမေဟာ၊ သားကို ခွဲခွာသွားခဲ့တာ ၁၃၆၇ ခုနှစ် တော်သလင်းပြည့်ကျော် ၈ ရက်၊ (၂၅-၉-၂၀၀၅) တနင်္ဂနွေနေ့ တုန်းကဆိုတော့ အခုဆိုရင် အနှစ် (၂၀)လောက် ရောက်ခဲ့ပြီ မေမေ။ ဒါပေမဲ့ မေမေရယ် မေမေ့ရဲ့ မေတ္တာစမ်းရေကြည်ကလေးဟာ သားရဲ့ နှလုံးစိတ်ဝမ်းထဲမှာ ထာဝရစီးဆင်းနေဆဲပါ မေမေ။ တချို့လူတွေက ပြောကြတယ် မေမေ။ ဒီကမ္ဘာပေါ်မှာ ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးဟာ အခြားပုဂ္ဂိုလ်တစ်ဦးဦးရဲ့အပေါ်မှာ အသက်နဲ့ထပ်တူ၊ နှလုံးသည်းပွတ်နဲ့ထပ်တူ ချစ်တဲ့သူမရှိဘူးတဲ့ မေမေ။ ကိုယ့်ထက်သာရင် မနာလိုတဲ့သူတွေသာ များတယ်လို့ ဆိုကြတယ်မေမေ။ ဒီအဆိုကို သားကန့်ကွက်ပါရစေ မေမေရယ်။ အသက်နဲ့ထပ်တူ၊ နှလုံးသည်းပွတ်နဲ့ထပ်တူ ချစ်တဲ့သူဟာ ဒီကမ္ဘာလောကကြီးထဲမှာ ရှိကိုရှိနေတယ်ဆိုတာကို သတိမထားဘဲ ပြောနေကြတာ မေမေရဲ့။ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲလို့ဆိုတော့ မေမေလို့ ခေါ်နေကြတဲ့ မေတ္တာရှင် မိခင်တွေပဲပေါ့။ ဂေါတမဗုဒ္ဓလက်ထက်တော်အခါကပေါ့ မေမေ။ တောအရပ်မှာ တရားအားထုတ်ဖို့သွားကြတဲ့ ရဟန်းတော် (၅၀၀)ဟာ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတွေက ခြောက်လှန့်ကြလို့ တရားအားမထုတ်နိုင်ဘဲ ဂေါတမဗုဒ္ဓထံကို ပြန်လာကြသတဲ့ မေမေရဲ့။အကြောင်းစုံကို ကြိုတင်သိမြင်တဲ့ ဗုဒ္ဓရှင်တော်မြတ်က "ရဟန်းတို့၊ အသင်တို့ဟာ ခပ်သိမ်းသောသတ္တဝါတို့ရဲ့အပေါ်မှာ မေတ္တာပွား၊ မေတ္တာထားကြရမယ်။" ဘယ်လိုမေတ္တာထား၊မေတ္တာပွားရမလဲ ဆိုရင် "မိခင်ဟာ မိမိရဲ့သားအရင်းဖြစ်တဲ့ တစ်ယောက်တည်းသော သားကို အသက်ဘေးအန္တရာယ်မရှိစေခြင်းငှာ အစဉ်စောင့်ရှောက်သကဲ့သို့ ခပ်သိမ်းသော သတ္တဝါတို့ရဲ့ အပေါ်မှာလည်း အတိုင်းအရှည်မရှိတဲ့ မေတ္တာစိတ်နဲ့ မေတ္တာထား၊ မေတ္တာပွားကြပါ"လို့ ဆုံးမပြီး "မေတ္တာသုတ်ပရိတ်တော်"ကို သင်ပေးလိုက်သတဲ့မေမေရဲ့။ ရဟန်းတော် (၅၀၀)တို့လည်း အရင်တောအရပ်ကိုပဲ ပြန်သွားကြပြီး မေတ္တာပွား၊တရားအားထုတ်ကြတဲ့အခါ ရဟန်းတော် (၅၀၀)စလုံး ရဟန္တာဖြစ်သွားကြတယ်ဆိုတာကို "မေတ္တာသုတ်ပရိတ်တော်" မှာ နာယူမှတ်သားရဖူးပါတယ် မေမေ။

၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်၊ အမေနေ့(၂၃-၁-၁၉၉၇) ကြာသပတေးနေ့မှာ ၃၅လမ်းနှင့် ၈၅လမ်းထောင့်မှာရှိတဲ့ မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ ဗိမာန်အသင်းကြီး(ဦးလှသိန်းမေ့မွေ့ဗိမာန်)တော်ကြီးမှာ စာရေးဆရာ၊ ဒါရိုက်တာ၊ ဓမ္မဂီတအဆိုတော်၊အကယ်ဒမီခြောက်ဆုရ "အလင်္ကာကျော်စွာ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသုခ"က အမေနေ့အကြောင်းကို ဟောပြောခဲ့စဉ်တုန်းက အမိန့်ရှိခဲ့ဖူးပါတယ် မေမေ။ ဒီကမ္ဘာလောကကြီးမှာ "အမေ့ကိုမှ မချစ်တတ်တဲ့သူ၊ ကျေးဇူးမဆပ်၊ ကျေးဇူးမသိတတ်၊ မရိုသေတတ်တဲ့သူဟာ သူကိုယ်တိုင်လည်း ဘယ်သူ့ကိုမှ ချစ်လိမ့်မယ် မထင်နဲ့။ တိုင်းပြည်နဲ့ လူမျိုးကိုလည်း ချစ်မှာမဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း ရိုသေမှာမဟုတ်ဘူး။ ဘယ်သူ့ကျေးဇူးကိုမှလည်း သိတတ်၊ဆပ်တတ်မှာ မဟုတ်ဘူး။ စိတ်သာချ၊ ဒိဋ္ဌ။ ဒါဟာ ဒိဋ္ဌအမှန်ပါပဲဗျာ"တဲ့ မေမေရဲ့။ တကယ်တော့ အမေဆိုတာ ဥစ္စာရှိခြင်း၊ မရှိခြင်း၊ ရုပ်လှခြင်း၊ အရုပ်ဆိုးခြင်း၊ကိုယ်ကျင့်တရားကောင်းခြင်း၊ ညံ့ခြင်း၊ မိခင်ရဲ့ဝတ္တရားကျေပွန်ခြင်း၊ ပျက်ကွက်ခြင်း။ . . . အဲဒါတွေနဲ့ မတိုင်းတာရဘူးတဲ့ မေမေရဲ့။ အမေဟာ ဘာပဲဖြစ်နေနေ အမေဟာ အမေပါပဲတဲ့။ "အမေဆိုတဲ့ အနှစ်သာရဂုဏ်"ကိုသာ ကြည့်ရမှာ ဖြစ်ပါသတဲ့။ ကုန်ကုန်ပြောရရင် အမေရယ်၊ အမေဟာ မိန်းမရှင် (ပြည့်တန်ဆာမ) ဖြစ်နေပါစေ။ အမေဟာ အမေပါပဲတဲ့ မေမေ။

ဒီသဘာဝတွေကို ပေါ်လွင်စေချင်လွန်းလို့ ဆရာကြီးဦးသုခ ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့တဲ့ "စကားပြောသော အသည်းနှလုံး" ရုပ်ရှင်ဇာတ်ကားကို ဖန်တီးရိုက်ကူးခဲ့တာတဲ့ မေမေရယ်။ ဇာတ်ကားရဲ့ အနှစ်ချုပ်ကတော့ ပြည့်တန်ဆာမ ကြည်ကြည်ဌေးဟာ သူ့သားလေးစိုးနိုင်ကို ဦးသိန်းမောင်ဆီမှာ အပ်ထားပြီး မွေးစားစေခဲ့ပါတယ် မေမေ။ စိုးနိုင်ကို သူ့သားမှန်းလည်း မသိစေရပါဘူး၊သူရှာလို့ရတဲ့ငွေနဲ့ စိုးနိုင်ကို ဆရာဝန်ဖြစ်အောင် ကျောင်းထားပေးခဲ့ပါတယ်။ စိုးနိုင် ဆရာဝန်ဖြစ်လာပြီး တင်တင်နွဲ့နဲ့ လက်ထပ်ကာ တင်တင်နွဲ့ ကိုယ်ဝန်ရှိလာတဲ့အခါ စိုးနိုင်နဲ့ တင်တင်နွဲ့ကို ဦးသိန်းမောင်က ဆုံးမဩဝါဒပေးတဲ့အခန်းမှာ သားအပါအဝင် ရုပ်ရှင်ကြည့်ပရိသတ်အားလုံး မျက်ရည်မဆည်နိုင်အောင် ခံစားရပါတယ်မေမေ။ ရှေးတုန်းက သားတစ်ယောက်ဟာ ချစ်သူရှိလာတော့ သူ့ချစ်သူက ချစ်သူရဲ့ အမေ့အသည်းနှလုံးကို လိုချင်တယ်လို့ ပူဆာသတဲ့။ ချစ်သူကလည်း မိခင်ကို မပြောရက်လို့ တမှိုင်မှိုင်နေတာကို မိခင်က အကြောင်းစုံသိသွားတော့ သူ့ရင်ကို ဓားထက်ထက်နဲ့ခွဲပြီး အသည်းနှလုံးကို ပေးလိုက်သတဲ့ မေမေ။ သူ့သားလည်း ဝမ်းသာအားရနဲ့ ချစ်သူဆီကို ပြေးအသွား၊ ခလုတ်တိုက်လို့ လဲကျပြီး အသည်းနှလုံး လွင့်စင်သွားတဲ့အခါ မိခင်ကြီးရဲ့ အသည်းနှလုံးက "ဘယ်များ နာသွားသေးသလဲ သားရယ်" လို့ နှလုံးသားက စကားပြောရှာသတဲ့ မေမေ။ ဦးသိန်းမောင်ကလည်း အပြောကောင်း၊ သရုပ်ဆောင် ကောင်းလိုက်တာ မေမေရယ်၊ ရုပ်ရှင်ကြည့်ပရိသတ်အားလုံးနီးပါး မျက်ရည်တွေသုတ်။ နှပ်တရှုပ်ရှုပ်နဲ့ပေါ့မေမေ။

လူသားတွေမှ မဟုတ်ပါဘူး မေမေ။ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ နွား၊ ခွေး၊ ကြက်၊ ငှက်၊ . . . စတဲ့ သတ္တဝါတွေတောင်မှ မိခင်စိတ်ရှိကြတာကို တွေ့ရပါတယ်မေမေ။ ကြက်၊ ငှက်တွေ အကောင်ပေါက်ဖို့ "ရင်ငွေ့နဲ့ အပူပေးရသလို သိန်းငှက်တွေရဲ့ ရန်ကိုလည်း ကာကွယ်ဖို့၊ အတောင်ပံနဲ့အုပ်ပြီး ရင်ခွင်မှာထားကြတယ် မေမေ။ ဒါကြောင့်လဲ "ရင်အုပ်မကွာ" ဆိုတဲ့စကားဟာ တိရစ္ဆာန်တွေဆီက လာတာပဲလို့ သားယူဆမိတယ် မေမေ။ သားအနေနဲ့ သက်သေသာဓက ငါးခုကို တင်ပြပါရစေ မေမေ။ နှစ်ခုက မျက်မြင်သာဓကပေါ့ မေမေ။ သုံးခုက သားကိုယ်တွေ့ပါ။ ပထမမျက်မြင်သာဓက၊ကတော့ မန္တလေးမြို့ရဲ့ ချောင်ကျတဲ့ရပ်ကွက်တစ်ခုမှာ မီးလောင်နေတဲ့မြင်ကွင်းပါ။ မီးလောင်ကွင်းမှာနေကြတဲ့သူတွေဟာ ပြေးကြလွှားကြ၊ အော်ဟစ်နေကြတာပေါ့။ တချို့ကလည်း အထုပ်တွေ ဆွဲထုတ်သယ်နေကြနဲ့ပေါ့။ အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ဦးဟာ လူတွေတားနေတဲ့ကြားက မီးလောင်နေတဲ့ အိမ်ထဲကို ဖွတ်ဝင်ပြေးတယ် မေမေ။ သူပြန်ထွက်လာတော့ သူ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်ပါလာတယ်ဗျာ။ သူပြောလိုက်တာကတော့ "တော်သေးတာပေါ့ရှင် ကျွန်မသားလေးကို အချိန်မီကယ်လိုက်နိုင်လို့"တဲ့ မေမေ။ ဩော် … ဒါကြောင့် မိခင်ဆိုတာ သားသမီးတွေရဲ့အပေါ်မှာ အသက်နဲ့ထပ်တူ၊ နှလုံးသည်းပွတ်နဲ့ထပ်တူ ချစ်တယ်ဆိုတာ မှန်ပါသလား၊ မေတ္တာစမ်းရေ၊ ထာဝရမခန်းကြပါသလားရယ်လို့ပေါ့။ ဒုတိယမျက်မြင်သာဓက၊ကတော့ သားဟာ ကိစ္စတစ်ခုနဲ့ ဈေးချိုက ပြန်အလာမှာပါမေမေ။ ၈၆လမ်းနှင့်၂၂လမ်းထောင့်၊ လမ်းအရှေ့ဘက်ကွေ့ ရေချမ်းစင်အနီးမှာ ခန့်မှန်းခြေ အသက်(၈၅)နှစ်လောက်ရှိတဲ့ အဘွားအိုတစ်ဦးဟာ နေဝင်ရီတရောအချိန်မှာ နေရောင်ကို လက်ကလေးနဲ့ ကာကာပြီး ၈၆လမ်းကို တစ်မျှော်တစ်ခေါ်ကြီး ငေးကြည့်နေတယ်လေ။ သားက . . . အဘွားဘာလုပ်နေတာလဲလို့ မေးတော့ "လူလေး မလာသေးလို့ စောင့်နေတာပါကွယ်"တဲ့။ မကြာခင်မှာပဲ ခန့်မှန်းခြေ အသက် (၆၀)ကျော်လောက်ရှိမယ့် အဘိုးအိုတစ်ဦးဟာ ထီးကလေးကို ချိုင်းမှာညှပ်ပြီး ၈၆လမ်းနှင့် ၂၂လမ်းထောင့်အနီး လာနေတာကို မြင်ရတယ်မေမေ။ အဘွားအိုနဲ့ မလှမ်းမကမ်းရောက်လာတော့ အဘွားအိုက "ဟော··လူလေး ပြန်လာပြီ"တဲ့လေ။ ဩော် . . . မိခင်များဟာ၊ သားသမီးတွေရဲ့အပေါ်မှာ အရွယ်လွန်တဲ့အထိ ချစ်စိတ်မပြယ်ကြပါသလားရယ်လို့ မျက်ရည်ကျမိပါတယ် မေမေ"

နောက် ပထမ သားကိုယ်တွေ့ တစ်ခုက သား (၅)နှစ်သားအရွယ်တုန်းက ကျောက်ပေါက်တော့ သားတစ်ကိုယ်လုံး အနာပြည်တွေကို မေမေက လျှာနဲ့တောင် လျက်နေတယ်ဗျာ။ ပတ်ဝန်းကျင်ကလူတွေက "ဟဲ့ လှတင်ရဲ့ ဒီလိုလုပ်ရင် ကျောက်ရောဂါက နင့်ကိုပါ ကူးလိမ့်မယ်နော်" လို့ ပြောကြတော့ မေမေကလေ "ကူးပါစေတော် ကျုပ်တို့က လူ့ဘဝမှာ အတော်ကြာကြာနေခဲ့ရပါပြီ။ လူ့ဘဝမှာ ခဏသာရှိသေးတဲ့ ကျုပ်သားလေး မသေရင်ပြီးတာပါပဲ"တဲ့လေ။ ဩော် . . . မေမေရယ်။ ဖြစ်မှ ဖြစ်ရလေတယ်။

ဒုတိယ သားကိုယ်တွေ့ သာဓကကတော့ သားကျောင်းနေစဉ်ကပေါ့။ သားမှာ စာအုပ်တွေ၊ ဘောလ်ပင်တွေ၊ ကျောင်းသင်ခန်းစာ စာအုပ်တွေလိုနေတော့ အမေ့ဆီမှာ ပူဆာတာပေါ့။ မေမေကလေ ငါ့သား ခဏစောင့်နော် အမေပိုက်ဆံရှာလိုက်ဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ အမေပြန်လာတော့ သားလိုတဲ့ပိုက်ဆံကို ပေးတယ်လေ။ အမေ့ခေါင်းမှာ တဘက်ကြီးပတ်လို့။ "အမေဘာဖြစ်လို့ တဘက်ကြီး ပတ်ထားတာလဲဆိုတော့ "အမေ··· ခေါင်းနဲနဲကိုက်လို့ပါတဲ့။" နောက်(၃)ရက်လောက်ကြာလို့ အမေရေချိုးနေတုန်း သားမြင်လိုက်ရတော့ အမေဟာ ဆံပင်ကုပ်ထောက်ကြီးနဲ့ဗျာ။ သားရင်နာလိုက်တာ မေမေရယ်။ ဩော် … သားလိုတဲ့ ငွေအတွက် အမေဆံပင်ကိုတောင် ဖြတ်ပြီး ရောင်းပေးပါလားနော်။ သား ရင်နာလို့ မဆုံးပါဘူးမေမေ။

နောက်တစ်ခု သားကိုယ်တွေ့ တတိယ သာဓက၊ကတော့ သားဟာ ခရီးသွားရင်း မိုးမိသွားတော့ ညမှာ အပြင်းဖျားတယ်လေ။ မေမေ မှတ်မိတယ်မဟုတ်လား။ မေမေက ဆေးတွေတိုက်၊ ရေခဲတုံးတွေနဲ့ အုပ်ပေးတယ်လေ။ သားလည်း အဖျားကျပြီး မှေးခနဲ အိပ်ပျော်သွားလိုက်တာ လျှပ်စစ်မီးမလာတဲ့ ညမှောင်မည်းမည်းကြီး၊ သန်းခေါင်ကျော်အချိန်မှာ နိုးလာတော့ သားအနားမှာ မည်းမည်းသဏ္ဌာန် ငုတ်တုတ်ကြီးတွေ့ရလို့ လန့်ပြီး "ကယ်တော်မူကြပါဗျာ"လို့ ကုန်းအော်မိတယ်လေ။ အဲဒီ မည်းမည်းသဏ္ဌာန်ကြီးက သားရင်ဝကို လက်နဲ့အုပ်ထားပြီး "သား-သားလေး-မေမေပါကွယ်၊ သားကို စိတ်မချလို့ မေမေ မအိပ်ဘဲ ထိုင်စောင့်နေတာတဲ့လေ။ အဲဒီအခွင့်အရေးကို ပြန်ရချင်လိုက်တာ မေမေရယ်။

မေမေရယ်· · · ဒီအမေ ဒီသား၊ နှစ်ယောက်တည်းဟာကို အခုတော့ သားကိုခွဲသွားပြီလား မေမေ။ သားမှာတော့လေ ဟသ်ာတထွန်းရင်ရဲ့ "အမေနဲ့ ရွာကိုလွမ်းတယ်"၊ "မွေးမေ့ကျေးဇူးဆပ်ဖူးချင်တယ်"ဆိုတဲ့ အမေနဲ့ပတ်သက်တဲ့ သီချင်းတွေကို ကြားရတိုင်း သားမျက်ရည်ဝိုင်းရတယ် မေမေ။ အခုဆိုရင် မေမေ သားကိုခွဲသွားတာ (၂၅· ၉·၂၀၀၅) တနင်္ဂနွေနေ့ကစလို့ ရေတွက်မယ်ဆိုရင် အနှစ်(၂၀)နှစ်လောက်ရှိပြီ မေမေရယ်။မေမေရှိတုန်းကတော့ သားဘာသိဘာသာနေခဲ့ပေမယ့် အခု မေမေမရှိတော့ဘူးဆိုတော့မှ အမေ့ကျေးဇူးတွေ ကြီးမှန်းသိလာတယ် မေမေ။ နောက်ပြီး သားမှာ သားတွေ၊ သမီးတွေနဲ့ ဖြစ်လာတော့မှ မေမေ့မေတ္တာတွေ၊ မေမေ့ကရုဏာ အကြင်နာတွေကို ပိုပြီးသိလာတယ် မေမေ။ ဒါကြောင့် ပညာရှိတွေက ပြောကြတာပေါ့ မေမေရယ်။ သစ်ပင်ရဲ့ အရိပ်၊ ဆွေမျိုးရဲ့အရိပ်တွေထက် မိခင်ရဲ့ အရိပ်ဟာ အအေးမြဆုံးပဲတဲ့။ ပန်းတွေက မွှေးသလို၊ စမ်းရေကလည်း အေးသလိုရှိပေမယ့် တကယ်တော့ မိခင်ရဲ့ မေတ္တာရေစမ်းကသာ ထာဝရမခန်းဘဲ၊ မွှေးမြတယ်၊အေးလှတယ်တဲ့ မေမေရယ်။ တိုင်းစရာမမြင်၊ နှိုင်းစရာမယှဉ်နိုင်တဲ့ မေမေ့ရဲ့ မေတ္တာရေစမ်း၊ မခန်းခြောက်ဘဲ၊ထာဝရအေးမြနေတာလေးကို သားဘယ်မှာ သွားလို့ရှာရမလဲဗျာ။

မေမေရယ် . . . ဟိုတုန်းကတော့ ကျွန်တော်အိပ်ရာဝင်ရင်၊ ခရီးထွက်ရင်၊ လမ်းဖြတ်ကူးတော့မယ်ဆိုရင်၊ သား··· ကြောက်တတ်တယ် မေမေ။ အခုတော့ မကြောက်တတ်တော့ဘူး မေမေ။ အဲဒါဘာလို့လဲသိလား မေမေ။ သားစိတ်ထဲမှာ၊ သားနဲ့အတူတူ မေမေရှိနေတာပဲလေ၊ ကြောက်စရာ မလိုပါဘူး၊ မေမေက အန္တရာယ်ကို ကာကွယ်ပေးနေတာပဲလို့ သားသိနေလို့ပေါ့ မေမေ။ စိတ်၊ စေတနာ၊ မေတ္တာ၊ ကရုဏာအနန္တနဲ့ ပြည့်စုံလှတဲ့ မေမေ့ကို ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်ပါစေကြောင်း၊ ကောင်းမြတ်သောစိတ်ဓာတ်၊ မနုဿမီနဲ့ လက်အုပ်ချီမိုး ရှိခိုးကန်တော့လိုက်ပါတယ် မေမေ။ မေမေချစ်တဲ့သား . . . . .

မောင်ချစ်ဖေ

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့ အလှူငွေ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာ ပို့သခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိယောမာအရှေ့ရပ်ကွက်ရှိ မဟာလောကရံသီအိမ်တော်ရာ ဆုတောင်းပြည့်ဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး အိမ်တော်ရာစေတီတော်ရှိ ဘုရားများအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာ ပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးနှင့်တပ်ခွဲမှူးများက အိမ်တော်ရာ ဘုရားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးဒေသကောလိပ် ဆဋ္ဌမအကြိမ် All Regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးဒေသကောလိပ် ဆဋ္ဌမအကြိမ် All Regional အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းရှိ KMC ကိုယ်ပိုင် အထက်တန်းကျောင်းခန်းမတွင် မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းနာယကကြီးများ ဦးဆောင်မှုဖြင့် ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ဆဋ္ဌမအကြိမ် All Regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီ၊ ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများ စာရင်းပြုစုရေးနှင့် ဖိတ်ကြားရေးကော်မတီ၊ အာစရိယပူဇော်ပွဲ ကျွေးမွေးဧည့်ခံရေးလုပ်ငန်းကော်မတီ၊ ဆရာကြီး၊ ဆရာမကြီးများ ကြိုဆို၊ ပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီတို့မှ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာကြီး၊ ဆရာမကြီး ၉၇ ဦး တက်ရောက်မည်ဖြစ်ပြီး ရပ်ဝေးနေထိုင်သော ဆရာကြီး၊ ဆရာမကြီး ၄၁ဦးအား အဝေးရောက် ကန်တော့မည်ဖြစ်သည်။

ဆက်လက်၍ Batch အသီးသီးမှ ကျောင်းသား၊ ကျောင်းသူဟောင်း ကိုယ်စားလှယ်များကလည်း အလှူငွေလက်ခံရရှိမှုများကို တင်ပြကြသည်။ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ ဖူးကျင့်ခန်းမအပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ပြီး Gathering Lunch Party ကို နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ဖူးကျင့်ခန်းမမြေညီထပ်တွင် ကျင်းပမည်ဖြစ်ရာ GLP တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အတန်းကိုယ်စားလှယ်များထံ ဝယ်ယူတက်ရောက်နိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

*-*-*-*-*

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။



## ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ကွန်ဟိန်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲအား ယမန်နေ့ နံနက် ၈ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စုအကျိုး တို့သယ်ပိုး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စုအမွေထိန်းကြစို့လေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လက်ဆင့်ကမ်းကာ ထိန်းသိမ်းပါ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ပြည်ထောင်စုရက်မြတ်မဟာ ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ကွန်ဟိန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပြည်ထောင်စုနေ့ အခိဋ္ဌာန်

---

* တို့ပြည်ထောင်စု နေ့မြတ်ပြုသည့်
ယခုရောက်လုစ် ခုနစ်ဆယ့်ရှစ်ထိ
ကျစ်လျစ်ခိုင်မာ လက်တွဲကာဖြင့်
ညီညာပေါင်းစု စုစည်းမှုသည်
နှိုင်းတုမမီ မြန်မာပြည် ။

* ရာသီရွှေ့ပြောင်း ချိန်ခါညောင်းလည်း
စုပေါင်းစွမ်းရည် ဆက်လက်တည်၍
မြန်ပြည်ဘေးရန် မဲတွန်းလှန်ကာ
ဖန်ဖန်ကျိုးပြု ပြည်ထောင်စုဟု
လေးပြုနှစ်စဉ် ဂုဏ်ထူးတင် ။

* နယ်ခြဲမိစ္ဆာ သွေးခွဲပါလည်း
မကွာသွေးသား မျိုးနွယ်များမို့
တိုင်းသားပေါင်းစုံ စုစည်းအုံ၍
ပင်လုံဌာနေ အောင်ရာမြေဝယ်
ညီစေလက်များ ပေါင်းစုအား ။

* စုပေါင်းစွမ်းအင် အမွှမ်းတင်သည့်
မည်တွင်ခေါ်ပြု ပြည်ထောင်စုဟု
ညွှန်းပြုဂုဏ်တင် နေ့မြတ်တွင်ဝယ်
အစဉ်လန်းဆန်း မျိုးချစ်ပန်းတို့
မနွမ်းဝေဖြာ ပြည်မြန်မာသည်
နှောင်လာနှစ်ပေါင်း ရာထောင်သောင်းထိ
မစောင်းမဖည် တည်စေမည် ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



## သတင်းပဒေသာ

### ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမရုံးတွင် အခမဲ့ငှားရမ်းပေးခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများအလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့် အသိပညာဗဟုသုတများတိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆိုအခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးမြို့ မိခင်ကလေးကျန်းမာရေးဌာနတွင် ယမန်နေ့က ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခန္တီးမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးအချိန်နှင့် အရပ်တိုင်းခြင်း၊ သွေးစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ အားဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို မိခင်ကလေး ကျန်းမာရေးဌာန၊ ဝန်ထမ်းများက အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားသည်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူခိုင်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားမှုလုပ်ငန်းစဉ်များ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ ပုံစံ(၇) ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာအုပ်စု(၇)အုပ်စုမှ တောင်သူ ၆၂၀ ဦး၊ ဦးပိုင်(၈၀၅)ခု၊ လယ်ယာမြေ ၂၇၈၃ ဒသမ ၃၃ ဧကကို ဒေသခံတောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ကို ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊မိုင်းရှူးမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက်(၉)နာရီက အခြေခံပညာအထက်တန်းကျောင်း၊ ခရေဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲအား အထက်တန်းအဆင့်တွင် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် လက်ဆင့်ကမ်းထိန်းသိမ်းစို့လေပြည်ထောင်စုအမွေ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသားခြောက်ဦး၊ ကျောင်းသူ ၁၆ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။ **(အပေါ်ယာပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၆)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားကြော်၊ ငါးဖယ်ခရမ်းချဉ်သီး၊ငါးပိချက်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅နာရီခွဲမှစတင် လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက် လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက် အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မင်္ဂလာနှစ်ပတ်လည် အလှူပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် (၂၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် ငွေရတုသဘင်အလှူမင်္ဂလာပွဲကို ဇန်နဝါရီ ၃၀ ရက်၊ ကြာသပတေးနေ့က အဆိုပါကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါအလှူတော်မင်္ဂလာပွဲကို အနန္တောအနန္တငါးပါးနှင့် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအား ဦးထိပ်ထား၍ မန္တလေး၊ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်နေ ဦးဗိုလ်ဗိုလ်ဝင်းနှင့် ဒေါ်ခင်မိုးမိုးရည်တို့၏ မင်္ဂလာနှစ်ပတ်လည် (၂၅)နှစ်ပြည့် ငွေရတုသဘင် အထိမ်းအမှတ်အဖြစ် နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တရာဇိန္ဒအမှူးရှိသော အဆိုပါကျောင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးတို့အား နေ့ဆွမ်း ထမင်းဟင်းလျာများ၊ အချိုပွဲများဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ နံနက် ၉ နာရီမှ ၁၂ နာရီအထိ အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်တို့အား ထမင်းဟင်းလျာများဖြင့် ကျွေးမွေးခဲ့သည်။ ၁၁ နာရီတွင် နဂါးကိုးကောင်ဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား အလှူငွေများ၊ ဆွမ်းဆန်များ၊ ဆီများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကြွရောက်လာသော ဧည့်ပရိသတ်အပေါင်းတို့အားလည်း ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆွမ်းနှင့်တကွ လှူဒါန်းမှုအစုစုတို့ကို နဂါးကိုးကောင် ဆရာတော်ထံမှ သီလတရားများ ခံယူ၍ ရေစက်ချလှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ယခုအခါ အဆိုပါကျောင်းသည် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်တို့ကို ပညာသင်ကြားပေးလျက်ရှိပြီး တပေါင်းလပြည့်ကျော် ၈ ရက်တွင် ဆွေတော်၊ မျိုးတော်များ ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီးကို ပြုလုပ်မည်ဖြစ်ပြီး ဖုန်း ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ကဆ)**

## ဆုံဆည်းရာဆွမ်းလောင်းအသင်း ဆွမ်းဆက်ကပ်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် (၈၀၆)၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၈)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက လမ်း၆၀နှင့် ၂၈(B)လမ်းထောင့်ရှိ အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရုဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၁၉၈)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်၂၆လမ်း)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေး(ခဲ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင်မိသားစု၊ ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ဦးသက်မြတ်သူ+ဒေါ်မျိုးမျိုးအေး(မန်းစည်ပင်)မိသားစု၊ ဦးသိန်းတန်အားရည်စူး၍ ဒေါ်စန်းရီ(သစ္စာရိပ်မွန်)မိသားစု၊ ဦးကျော်တင့်+ဒေါ်မြတ်မြတ်သန်းမိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာဆွမ်းလောင်းအသင်းကြီးသည် လစဉ်မြန်မာလဆန်း ၃ရက်နေ့တိုင်း ဆွမ်းလောင်းလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**



# စိတ်ကို ထိန်းပါ၊ စဉ်းစားဆင်ခြင်ပါ

အိပ်ရာမှ နိုးပြီ၊ မျက်စိနှစ်လုံးပွင့်သည်နှင့် ဖျတ်ခနဲ အတွေးကပေါ်သည်။ စဉ်းစားစရာ ပေါ်သည်။ တွေးစရာတွေက များလှသည်။ ဆင်ခြင်စရာတွေ ရှိလာသည်။ ကောင်းသော ပွားများမှုရော မကောင်းသော ပွားများမှုရော ပြုမိသည်။ မကောင်းသော အတွေးနှင့်မှ ကောင်းသောပွားများမှုဘက်ကို ရောက်၍ ကောင်းရာကောင်းကြောင်း၊ ကုသိုလ်အကြောင်း တွေးမိသည်။ မကောင်းသော အတွေးစမိလျှင်ကား အတွေးစသည် ပို၍ ရှည်သည်ထင်၊ မကောင်းသော အတွေးဟူ၍ သိသောအသိ ဝင်အောင် သတိကပ်အောင် အလျင်ကြိုးစားရသည်။ မကောင်းခြင်းကို ဖြေဖျောက်ဖို့ နည်းလမ်း၊ ပြေပျောက်ဖို့ အကြောင်း ရှာရ၊ စဉ်းစားရပြန်သည်။ ဆင်ခြင်ရသည်။ ဆက်လက်တွေးတောရသည်။ ဖြစ်ပေါ်လာသော အတ္တစိတ်၊ ဒေါသစိတ်၊ တဏှာစိတ်နှင့်ယှဉ်သော စိတ်များကို ဖယ်ခွာရသည်။

**စိတ်သည် ရှေ့သွားဖြစ်သည်။ စိတ်သည် ဦးဆောင်သည်၊ စိတ်သည်၊ ကုသိုလ်၊ အကုသိုလ် စိတ်ဖြစ်ရာ၊ ကောင်းမှု၊ မကောင်းမှုဖြစ်ရာ၏အစ အဦးဖြစ်သည်။** အိပ်ရာနိုးစ ဖျတ်ခနဲ မျက်လုံးပွင့်ကတည်းက စိတ်က ပညာပြတော့သည်။ ယနေ့ဘာလုပ်ရမည်ကို ခိုင်းစေတော့သည်။ ခန္ဓာကိုယ်က အိပ်ရာထဲတွင် ငြိမ်သက်နေဆဲဖြစ်သည်။ အသိနှင့် ခန္ဓာကပ်၍ ဖျတ်ခနဲ နိုးသည်နှင့် စိတ်က ပြေးလွှားခုန်ပေါက်နေတော့သည်။ သူ့ကိုအရင် ထိန်းချုပ်ရသည်။ တစ်ခါတလေ သူ့ကို လွှတ်ထားပြီး သူသွားလေရာ လိုက်ကြည့်မိသည်။ ကုသိုလ်ရေးဘက်လည်း ရောက်သည်။ အကုသိုလ်ဘက်လည်း ရောက်သည်။ ဒေါသဖြစ်ရသည်။ ဝမ်းနည်းရသည်။ ဝမ်းသာရသည်။ ဘယ်သူ၊ ဘယ်အကြောင်းက ဘယ်လို၊ မည်သို့လုပ်မည်၊ မှတ်လောက်သားလောက်အောင် ဘာပြောလိုက်မည်။ ရှေ့ကကြုံခဲ့ရသည်များနှင့် နောက်က မရောက်သေးသည့်အကြား အတိတ်နှင့်ပစ္စုပ္ပန်ကို လူးလားခေါက်တုံ့ပြေးတော့သည်။ ပြေးသမှ အလင်းထက်မြန်သော အလျင်ဖြင့် ပြေးသည်။ စိတ်သွားလေရာ လိုက်ကြည့်ရင်း နံနက်လင်းသည်ထိ စိတ်နှင့်ခန္ဓာကပ်သည်မရှိ။ နံနက် ၉ နာရီအထိ စိတ်ကပြေးတုန်း၊ ရောက်ရာမှနေတော့ ဆို၍ ဖြတ်ရသည်။ လောကတံထွာ လုပ်စရာ၊ ကိုင် စရာ၊ သွားစရာ၊ လာစရာများသည်။ ယနေ့လုပ်ရမည့်အလုပ်တွေအတွက် စိတ်ကို ခေါ်၍ ဖွတ်ခိုင်းရဦးမည်။ တစ်ချက်အသိ ပေါ်သည်။ လူသည် စိတ်၏စေရာ သွားနေကြသော သတ္တဝါများ ဖြစ်သည်။ တိရစ္ဆာန်တို့တွင် အိပ်၊ စား၊ ကာမ ဤသုံးဝကိုသာ သိသည်။ ထို့ကြောင့် တိရစ္ဆာန်ဟု ခေါ်သည်။ သူတို့၏ စိတ်ကို မဖြန့်ကြက်နိုင်၊ မစေစားနိုင်၊ မဝေဖန်နိုင်ကြ၊ လူတို့တွင်ကား စိတ်ကို စကြဝဠာအပြင်ဘက်ထိ အလင်းထက် မြန်သော အလျင်အဟုန်ဖြင့် ဖြန့်ကြက်နိုင်သည်။ သွားလာကျက်စားနိုင်သည်။ လူအများစုသည်လည်း စိတ်၏စေရာကိုသာ သွားနေ၊ လာနေ၊ လုပ်နေ၊ ကိုင်နေကြပေသည်။ စိတ်ကို ထိန်းချုပ်နိုင်သော သူများသည်သာ အောင်မြင်မှု၊ ငြိမ်းချမ်းမှုကိုသာ ရနိုင်သည်ကို သိရမည်ဖြစ်သည်။ အသိခေါက်ခက် အဝင်နက်ဖြစ်သည်။ လူဆိုသည့် အမျိုးသည် သက်သာရာ ရှာတတ်သည်။ စိတ်၏ ခေါ်ဆောင်ရာ မျောပါလိုက်သည်။ စိတ်၏စေရာ လုပ်တတ်ကြသည်။ ဉာဏ်စိုက်ထုတ်၍ စိတ်ကို ကြိုးစားထိန်းချုပ်ဖို့ မကြံစည် မလုံးပမ်းကြ။ ထို့ကြောင့်ပင် သံသရာမှာ အဆုံးအစမထင် မျောပါ လည်ပတ်ရင်း ဆင်းရဲပင်ပန်းကြရသည်။ သူရူး တစ်ယောက်ကို လေ့လာကြည်သင့်သည်။ သူရူးသည်၊ အေးသည်၊ ချမ်းသည်၊ ညစ်ပတ်သည်၊ ရှက်သည်တို့ကို စိတ်တွင်မထင်၊ သူ၏ စိတ်စေရာ အတိုင်း ကနေ၊ ခုန်နေ၊ အော်နေ၊ ဟစ်နေ၊ သွားလာပြောဆိုနေသည်။ စိတ်၏ သွားရာမျောပါရင်း အချိန်ကုန်နေသည်ကို တွေ့ရမည်။ စိတ်နောက် မျောပါရင်း ကာယိယဒုက္ခတွေကို မေ့နေတတ်သည်။ ပုထုဇ္ဇနော ဥမ္မတ္တကော ဟု ဆိုထားသည်။ လူမှန်လျှင် ရူးနေကြသည်။ စိတ်နောက်ကိုသာ လိုက်၍ နေတတ်သော သဘောဖြစ်စဉ်ကို ပျောက်အောင် မကြိုးစား၊ မကုသကြသည်မှာလည်း လူ့သဘောပင်ဖြစ်သည်။ အရူးသံသရာလည်နေကြသည်။ ရာထူးရူးသည်။ ဥစ္စာရူးသည်။ လင်တရူးသည်။ မယားတရူးသည်။ ဘဝင်ရူးသည်။ တစ်နည်းနည်းဖြင့် ရူးနေတတ်ကြသည်သာဖြစ်သည်။ သို့သော် မိမိရူးနေသည်ကို မသိ၊ ကုသရကောင်းမှန်းလည်း မသိဖြစ်နေတတ်ကြသည်။ စိတ်ကို သတိကပ်လျှင် အရူးရောဂါပျောက်ပေမည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ဘေးများရှိနေသည်။ မည်သို့ကာကွယ်ရမည်ကို မသိ၊ မစဉ်းစား၊ အားမထုတ်ကြ၊ ဓားခုတ်သူကိုသာ ကြောက်၍ ကြိုးတုပ်သူကို မကြောက်သကဲ့သို့ ဖြစ်သည်။ မိမိစိတ်ကို မိမိထိန်းကျောင်းပြုပြင်မှု မရှိ၊ မဆင်ခြင်လျှင် ကြိုးဖြင့် တုပ်သကဲ့သို့ အကုသိုလ်နှင့် မောဟတရားတို့၏ တုပ်နှောင်မှုကို ခံရကာ ဓားဖြင့် ခုတ်ခြင်းဟူသော အိန္နာသေဘေးမှ အဖန်ဖန် ခုတ်ထစ်သတ်ဖြတ်ခြင်းကို ခံရမည်ဖြစ်ပေသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးဟူသော ရေးများသာ စိတ်ထဲရှိက ထိုစိတ်နောက်ပင် မျောပါ၍ အရှုံးသံသရာမှ လွတ်နိုင်မည် မဟုတ်ပေ။ စိတ်ကို 'သတိ' 'ဉာဏ'ဖြင့် ထိန်းချုပ်ရသည်ကို သိလျှင် ဖြစ်ကြောတိုမည်သာ ဖြစ်သည်။

**'ခန္ဓာအတွင်းသို့ ဉာဏ်သွင်းမှ အရူးပျောက်မည်။ ထိုဉာဏ်သည်လည်း သစ္စာနုလောမိက ဉာဏ်ဖြစ်ရမည်။ ကမ္မဿကတဉာဏ်မျှဖြင့် အရူးမပျောက်နိုင်ပါ။ ယခုဘဝ အဆင်ပြေမှု၊ စီးပွားဖြစ်မှုများသည် ကံကောင်း၍ဖြစ်ရသည်။ နောင်ဘဝကောင်းရန် လှူရဦးမည်ဟူသော စကားသံများသည် ကံအသံများဖြစ်သည်။ ကံကို ပယ်၍ မရ၊ ယုံကြည်ရပါမည်။ ကံကို ယုံကာ ဉာဏ်ကို အားကိုးရမည်။ သို့မှသာ အရူးပျောက်လိမ့်မည်'ဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည်။**

ပုထုဇဉ်တို့သည် အကန်းနှင့်တူသည်။ လေနှင်ရာ လွင့်ပါနေသော ဝါဂွမ်းပမာပင်၊ ဝါဂွမ်းကို လေက ဦးဆောင်သည်။ လူတို့ကို စိတ်က ဦးဆောင်နေပေသည်။ သွားပါများလျှင် ခရီးရောက်သည်ဟု ဆိုသော်လည်း အကန်းသွားလျှင် အန္တရာယ်များလှသည်။ စိတ်ကို ထိန်းကျောင်းသွားနိုင်မှ လမ်းမှန်သို့ ရောက်နိုင်မည်ဖြစ်သည်။ စိတ်ဆိုတာ အရာရာကို ဦးဆောင်နေတာပါ။ စိတ္တာဓိပတိ ဖြစ်သည်။ စိတ်သည် ဘဝ၏ Leader ဖြစ်သည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ဖို့ စိတ်က ဦးဆောင်ရခြင်းဖြစ်သည်။ မိမိ၏ Desire ပြည့်ဖို့ စိတ်ကို ထိန်းချုပ်နိုင်ရမည်ဖြစ်ပါသည်။ စိတ်တို့စေတသိက်တို့ဆိုသည်မှာ ပါဒယဝတ္ထုဖြစ်သော ဦးနှောက်တွင် ဖြစ်ပုံကို ဗုဒ္ဓစာပေတွေမှာ သင်ကြားပေးထားသည်ကို တွေ့ရသည်။ ပထမငယ်တန်း ပကိဏ်းပိုင်းမှာ သင်ယူကြသည်ကို လေ့လာရသည်။ ဆုပ်ကိုင်ပြ၍ မရသော စိတ်ကို ဦးနှောက်၏ ချုရွန်မှာ မှတ်သားသည်ဟု အနောက်တိုင်းက ဆိုပါသည်။

အဘိဓမ္မာတွင်

- အတီတဘဝင်စိတ်(ငြိမ်နေသောစိတ်)
- ဘဝင်္ဂစလနစိတ်(ငြိမ်နေတဲ့စိတ်က လှုပ်ရှားလာတဲ့စိတ်)
- ဘဝင်္ဂုပစ္ဆေဒစိတ်(ငြိမ်နေတဲ့စိတ်ကို ဖြတ်ကျော်လာတဲ့စိတ်)
- ပဉ္စဒွါဝဇ္ဇန်းစိတ်(အာရုံတွေကို သိပုံ ပီပြင်လာတဲ့စိတ်)
- ဝိဉာဏ်စိတ်(Aware to Receiver)
- သမ္ပဋိစ္ဆိုင်းစိတ်(Receiving the Senses of Six)
- သန္တီရဏစိတ်(investigate)
- ဝုဋ္ဌောစိတ်(Decision)
- ဇောစိတ်(ကောင်းတဲ့အတွေး၊ မကောင်းတဲ့အတွေးနဲ့ ကောင်းတာလည်းမဟုတ်၊ မကောင်းတာလည်းမဟုတ်ဆိုတဲ့စိတ်)လို့ သင်ခဲ့ရသည်။ မိမိတို့သည် ဘာသာတရားတစ်ခု၏ အဆုံးအမ၊ လူကြီးမိဘ ဆရာသမားတို့၏ ဆိုဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ကြရသည်။ ထိုသို့ ဆုံးမမှုများသည် အသိဉာဏ်နုံနဲ့သော အရွယ်များကို အဓိကလွှမ်းမိုးပြုပြင်ပေးသည်ကို တွေ့ရပေမည်။ **မြတ်စွာဘုရားက ဟောခဲ့သည်။ အစဉ်အလာမို့၊ မိဘစကားမို့၊ ဆရာစကားမို့ ဆိုပြီး အကြွင်းမဲ့ မယုံလိုက်နဲ့တဲ့… ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြည့်ပါ။ ကိုယ်တိုင်ခံစားဆင်ခြင်ကြည့်ပြီးမှ အမှန်အမှားဆုံးဖြတ်ပါတဲ့။ နို့မို့ဆိုရင် 'သူများပါးစပ်ဖျားမှာ လမ်းဆုံး'တတ်ပါတယ်။** သူများပြောသမျှ၊ သင်သမျှ၊ အားလုံးအမှန်ဆိုပြီး မျောသွားရင် သူများပါးစပ်ဖျား လမ်းဆုံးတာပါပဲ။ မိမိရဲ့စိတ်ကို ဆင်ခြင်ဉာဏ်ရဲ့မြင်အောင်ကြည့် ကိုယ်တိုင်ကြိုးစားကြည့်မှသာ လမ်းမှန်ပိုရောက်မှာပါ။ စိတ်သာရှင်စောဘုရားဟောဖြစ်သည်။ စိတ်ကို ပြုပြင်ကြည့်ပါ။ ဗုဒ္ဓတရားတော်တွေမှာ စိတ်ပြင်နည်းတရားတွေ အများကြီး နာကြားကြည့်နိုင်ပါတယ်။ အမြင်မှန်မရှိသော ယထာဘူတဉာဏ်မရှိသူတွေရဲ့ ပြောစကားဆိုဆုံးမမှုတွေနဲ့တင် ကျေနပ်ရပ်တန့်မနေဘဲ ကိုယ်တိုင်ကြိုးစားသင့်သည်။ သူများပါးစပ်တွင် လမ်းဆုံးနေသူများသည် မသိခြင်းနှင့် မှားခြင်းဟူသော ဘေးသင့်နေခြင်းဟုဆိုသည်။ ပဋိသန္ဓေနေကတည်းက မသိဘေးသင့်သည်။ အမှားဘေးမသင့်ရန် စိတ်ကို ထိန်းကျောင်းပြုပြင်ရမည် မသိ ဘေးမသင့်အောင် ဉာဏ်ဖြင့် ဆင်ခြင်ရမည် ဖြစ်သည်။ သို့မှသာ အများပါးစပ်ဖျားလမ်းဆုံးခြင်း ဘေးမှလည်း လွတ်ကင်းမည်ဖြစ်သည်။

ဘာသာတရား၊ လူကြီးမိဘတို့ရဲ့ ဆိုဆုံးမမှုကလည်း ပထမအဆင့်မှာ အရေးပါအရာရောက်ပါတယ်။ လက်ဦးဆရာများဖြစ်သောကြောင့်ဖြစ်သည်။

Gratitude is a duty which ought to be paid, but which none have a right to expect.

-Rousseau

**ကျေးဇူးတင်ခြင်းဟာ ပြန်လည်ပေးဆပ်သင့်တဲ့ တာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် ကျေးဇူးပြန်ဆပ်ခြင်းကိုတော့ ဘယ်သူမှ မျှော်လင့်ပိုင်ခွင့် မရှိပါဘူး**

**ရူးဆိုး(ပြင်သစ်တွေးခေါ်ပညာရှင်)**

ထိုတွေးခေါ်မှုကို လေ့လာရင် မိမိကို ဆုံးမခဲ့သူတွေရဲ့ အဆုံးအမတွေကို ကျေးဇူးတင်ရမှာဖြစ်သည်။။ ပြန်လည်ပေးဆပ်ဖို့တာဝန်လည်း ရှိသည်လို့ ယူဆရမှာ ဖြစ်သည်။ ပထမအဆင့် အဆုံးအမကို ကျေးဇူးတင်စွာဖြင့် ဒုတိယဆင့် မိမိကိုယ် ပြုပြင်ဆင်ခြင်၊ သုံးသပ်ပြီး လွတ်မြောက်အောင် လုပ်ရဖြစ်သည်။။ ဒါမှ ကျေးဇူးပြန်ဆပ်သည်ဟု ဆိုနိုင်မည် ဖြစ်ပါသည်။ မူရင်းထက် အဆင့်သာမှသာ တိုးတက်ပြောင်းလဲခြင်းဖြစ်သည်။

**မိမိရဲ့ စိတ်လားရာကို သတိထား၊ ဝီရိယစိုက်၊ ပညာဖြင့် ရှုလို့ ဆရာတော်၊ သံဃာတော်များက မိန့်ကြားခဲ့သည်။ သို့မှသာ သမာဓိကောင်းမည်။ ပညာထက်မည်။ ထိုပညာဉာဏ်ဖြင့်သာ ခန္ဓာကိုယ်ကို ကြည့်နိုင်မည်။ မမြဲသော ခန္ဓာရုပ်ကို ကြည့်နိုင်သည်။ မကြိုးစား မပြုပြင်ဘဲနေလျှင် စုံလုံးကန်းဘဝဖြင့်သာ သံသရာလည်ရပေမည်။ အသခ်ေတကို မျက်မှောက်ပြုနိုင်မည် မဟုတ်ပေ။** ကံသုံးပါးကို လူတို့နေ့တိုင်းပြုကြသည်။ ထိုကံသုံးပါးတွင် မနောကံသည် ပြုရန်အတွက် အလွယ်ဆုံးဖြစ်သည်။ နိုးလာထဲက မနောကံများစွာ ပြုသည်။ မနောကံဖြူစင်ဖို့ အရေးကြီးသည်။ လေ့ကျင့်မှ ဖြူစင်သည်။ ပထမဝိပဿနာတို့ဖြင့် လေ့ကျင့်ရသည်။ ကောင်းသာအာရုံ၊ ကောင်းသော စိတ်ဖြစ်အောင် လေ့ကျင့်ရမည်။ စိတ်ခေါ်ရာ ပျော်နေလျှင် စစ်မှန်သော အပျော်မရဘဲ စုံလုံးကန်း အပျော်သာရမည်ဖြစ်သည်။ **မိမိစိတ်ကို သိပြီး ထိန်းကျောင်းနိုင်အောင် ကြိုးစားမှသာ ခန္ဓာရှိသူတိုင်း ကြုံတွေ့ရမည့် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိမရဏ ဒုက္ခများမှ လွတ်ကင်းမည်ဖြစ်သည်။ ဥပါဒါန်တရားဖြင့် စွဲလမ်းမှုစိတ်များကိုလည်း ဖျောက်နိုင်မည်ဖြစ်သည်။ စိတ်ကိုထိန်းပြီး စဉ်းစားဆင်ခြင်မှသာ အသခ်ေတနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်မည်ဖြစ်သည်။** စိတ်ကို ထိန်း၍ စဉ်းစားဆင်ခြင်စေချင်သည်။

**နိုင်ဗလ**



## အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချ



**မိုင်းခတ် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်စိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအားဝေက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်စည်ပင်သာယာရေးဌာန၏ လိုင်စင်စည်းကမ်းချက်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ အကြောင်း ရှင်းလင်းပြောကြားကာ စည်ပင်သာယာရေးဌာန၏ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်(၃)ခုအနက် မြို့မ(ဝက်)သားသတ်လိုင်စင်၊ မြို့မ(အမဲ)သားသတ်လိုင်စင်၊ မြို့မဈေးပွဲကျ ဈေးကောက်လိုင်စင် လုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ပြီး လုပ်ငန်းရှင်များက အသီးသီး ဝယ်ယူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## တောင်ကြီးရပ်ကွက်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ ဖေဖော်ဝါရီ ၂**

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက် ဓမ္မာရုံဝင်းအတွင်း၌ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း၏ ကြီးကြပ်မှုဖြင့် ဒုလဝကမှူး ဒေါ်ချိုသန္တာလွင် ဦးဆောင်သောအဖွဲ့မှ ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးရပ်ကွက်မှ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မှတ်ပုံတင်များ ပြုလုပ်သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်ပြည်သူ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၅၄ ဦး၊စုစုပေါင်း ၉၄ ဦး မှတ်ပုံတင်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လဝက ဦးစီးမှူးထံက သိရသည်။

**(အပေါ်ပုံ)**

**(ဝ၈၄)**

## ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများအတွက် စားအုန်းဆီရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများအား တစ်ပိဿာငွေကျပ် ၈၃၇၅ နှုန်းဖြင့် စားအုန်းဆီ ၁၄၂၅၈ ပိဿာ ရောင်းချပေးခဲ့သည်။

စားအုန်းဆီများ ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်း အသင်းဝင် စားသုံးဆီ ဝယ်ယူရောင်းချသူများဖြစ်သည့် ဦးဘိုဘိုထွန်း၊ ဦးအောင်လွင်၊ ဒေါ်စန်းစန်းဌေးတို့က ခရိုင်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း ၁၇၇၀ ဦး အတွက် စားသုံးဆီ ပိဿာ ၃၅၄၀ ကိုလည်းကောင်း၊ ဦးဘိုဘိုထွန်း၊ ဦးကျော်ကျော်နိုင်၊ ဒေါ်သီတာ၊ ဦးအေးမင်းစိုး၊ ဦးတင်လင်းအောင်၊ ဦးအောင်ကိုဝင်း၊ ဒေါ်တင့်ဆွေ ဒေါ်ခင်မြတ်မွန်တို့က မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း ၅၃၅၉ ဦး အတွက် စားအုန်းဆီ ၁၀၇၁၈ ပိဿာကို စုစုပေါင်းဝန်ထမ်း ၇၁၂၉ ဦးအတွက် ဆီပိဿာချိန် ၁၄၂၅၈ ပိဿာ ရောင်းချပေးခဲ့ကြောင်း ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းထံမှ သိရသည်။

**(အပေါ်ပုံ) (၄၈၅)**

စိမ်းလန်းလှပစေဖို့

သန့်ရှင်းသော

ကမ္ဘာမြေကို

စောင့်ရှောက်စို့။

## ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧကထိ စိုက်ပျိုးပြီးစီးဖြစ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံ တောင်သူများက သတ်မှတ်လျာထားစိုက်ဧက ပြည့်မီစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲသီးနှံစိုက်ဧက ၃၁၈၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့ထိ ၃၃၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် စိုက်ပျိုးထားတဲ့ စားတော်ပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ လက်ရှိမှာ စားတော်ပဲစိုက်ခင်းတွေ အထွက်နှုန်းတိုးတက်စေရေး အပင်အားဆေးနဲ့ မြေဩဇာ စနစ်တကျ သုံးစွဲတတ်ရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် တောင်သူအသိပညာပေးတာတွေကို ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်။ စားတော်ပဲသီးနှံက ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်ပြီး ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေက နှစ်စဉ် အားထားစိုက်ပျိုးကြတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲသီးနှံ အပါအဝင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် စားတော်ပဲသီးနှံအား အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ဒေသမရွေး စားတော်ပဲသီးနှံအား ယခုထက်ပိုမို ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ပုံ) (၄၄၅)**



## ပြည်တွင်းဈေးကွက်တွင် ဖရဲသီးများ ဝယ်လိုအားကောင်းနေ



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဖရဲသီးများကို ပြည်တွင်းဈေးကွက်ကိုသာ အဓိကတင်ပို့ရောင်းချနေရာ ဈေးကောင်းရရှိကြောင်း ဖရဲစိုက်တောင်သူများထံက သိရသည်။

ယခုထွက်ရှိနေသည့် ဖရဲသီး အားလုံးကို ရန်ကုန်၊ သီရိမင်္ဂလာဈေးနှင့် တညင်းကုန်းဈေးကိုသာ အဓိကတင်ပို့ရောင်းချနေရခြင်း ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်ဈေးကွက်ထဲသို့ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ ရမည်းသင်း၊ မိတ္ထီလာ စသည့် ဒေသများက နေ့စဉ် ဖရဲသီးတန်ချိန် ၁၇၀၀ မှ ၂၀၀၀ အထိ ဝင်ရောက်မှုရှိနေကြောင်း၊ ယင်းမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ဘက်သို့ ပြန်လည်တင်ပို့ ရောင်းချနေကြခြင်းဖြစ်သည်။ လက်ရှိပြည်တွင်းလက်လီဈေးကွက်၌ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*-*-*

# ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး



**မြစ်သား ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဘိုဘိုအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အကြောင်းရှင်းလင်းပြောကြားရာတွင် စစ်မှုထမ်းရမည့် အသက်အရွယ်နှင့်သတ်မှတ်ချက်အဆင့်ဆင့်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား အခက်အခဲများတင်ပြရန်နှင့် တင်ပြသည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ရပ်ကွက်ကျေးရွာများတွင် အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်မရှိသူများအား အသစ်ပြန်လည်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းအောင်နှင့်အဖွဲ့ဝင်များ ၊ မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဦးမိုးဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြစ်သား(ပြန်/ဆက်)**

# စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်



**အောင်လံ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးရေးအတွက် အခြေခံပညာကျောင်းများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများတွင် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာ၊ ဆရာမများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက ကျောင်းဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများ၊ သစ်ပင်ခြုံနွယ်ခုတ်ထွင်ရှင်းလင်းနေမှုများ၊ ကျောင်းဥပမိရပ်ကောင်းမွန်စေရေးအတွက် ပြုပြင်ရန်လိုအပ်သည့်နေရာများကို လိုက်လံကြည့်ရှုခဲ့ကြပြီး ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

ရေနုတ်မြောင်းသည်
အမှိုက်စွန့်ပစ်ရန်
နေရာမဟုတ်ပါ ။

# ခြောက်ပင်အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ကံမ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် ခြောက်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ(ခြောက်ပင်)၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက စတင်၍ ပညာရေးစုံညီပွဲတော်အခမ်းအနားကို ပညာရတနာခန်းမတွင် ကျင်းပသည်။

ပညာရေးစုံညီပွဲတော်အခမ်းအနားကို စုံညီပွဲတော် တူရွှဲပျော်သီချင်းဖြင့် ကပြသီဆိုဖွင့်လှစ်ပြီး ခြောက်ပင်ကျေးရွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဝေယံက အဖွင့်အမှာစကားပြောကြားပြီး ချောက်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ပညာရေးစုံညီပွဲတော် အဖက်ဖက်မှ ပါဝင်ကူညီသူများအား ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ပညာရေးစုံညီပွဲတော်အား ဆက်လက်ကျင်းပရာ Grade -12 , Grade -10 ကျောင်းသူများက ခေတ်လေးခေတ်အကအား သရုပ်ဖော်ကပြကြသည်။ ၂၀၂၄ တက္ကသိုလ်ဝင်တန်း သင်ကြားရေးထူးချွန်ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများချီးမြှင့်ပေးအပ်ပြီး Grade-1 ကျောင်းသား၊ ကျောင်းသူများက ပွဲတော်ညသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၄ ခုနှစ် ၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဘာသာရပ်ပြဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့်ထူးချွန်ဆုရရှိသူများ၊ ကျောင်းတက်မှန်ဆုနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု ဆုရရှိသူများ၊ ကျောင်းတွင်းအဆင့်စာစီစာကုံး ရရှိသူများ၊ ဉာဏဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ကာယဆုရ ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက အတန်းအလိုက် သီချင်းများဖြင့် သရုပ်ဖော်ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ) (၄၈၁)**




# အရန်မီးသတ်တပ်ရင်း လပတ်အစည်းအဝေး ပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊အရန်မီးသတ်တပ်ရင်း၏ လပတ်ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီခွဲက ဟေမမာလာမြောက်အရန်မီးသတ်စခန်းတပ်ရင်း ရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အဆိုပါလပတ်အစည်းအဝေးတွင် အရန်မီးသတ်တပ်ရင်းရှေ့လုပ်ငန်းစဉ်များနှင့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတပ်ရင်းမှူးဦးကိုလေးနှင့်တပ်ရင်းရုံးမှတပ်ခွဲမှူး၊ဒုတပ်ခွဲမှူးများ၊ နယ်မြေခံစခန်းများမှ တပ်စုမှူးများတပ်ဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၀၅၇)**

# ဆောင်းရာသီက စိုက်ပျိုးသည့် ဖူးစားပြောင်းသီးနှံ ၂၀၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်းသီးနှံ ၂၀၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရကာ ယခုအခါ ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်သည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးထားရှိပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးချိန်မှာ အထွက်နှုန်းများ တိုးတက်အောင် စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ တောင်သူတွေက သီးနှံဝင်ငွေ တိုးပွားရေးအားထားစိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းစိုက်ခင်းများကို ရိတ်သိမ်းလျက်ရှိပြီး ဒီနေ့ထိ ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပြောင်းဖူးအရေအတွက် ၁၄၉၈၀ ဖူး ထွက်ရှိပါတယ်။ ဖူးစားပြောင်းစိုက်ခင်းများ ရိတ်သိမ်းရာတွင် အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင်၊ အရည်အသွေးကောင်းမွန်အောင် အချိန်မီ ရိတ်သိမ်းနည်းပညာနဲ့ ရိတ်သိမ်းပြီး ဖူးစားပြောင်းများကို အချိန်မီ အမိုးအကာအောက် စနစ်တကျထားသိုထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာ ဌာနများနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဖူးစားပြောင်း သီးနှံအား စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရမှ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာ တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာ၌ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို ယန်းတိုင်အထွက်နှုန်းထွက်ရှိအောင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းပညာများ ပံ့ပိုးကူညီပေးခြင်းစသည့် တောင်သူပညာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**



# KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေး



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ ယနေ့ နံနက် ၁၁ နာရီက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၅၃ ကျောင်းတွင် တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန့်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောသန့်စင်ပေးပြီး အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ်စသည်တို့ ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများအား ကျွေးမွေးခဲ့ကြသည်။

အဆိုပါကျွေးမွေးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)ဦးလှသောင်း၊ အဖွဲ့ဝင်(၃) မြို့နယ်လဝကဦးစီးမှူး ဦးဟိန်းဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း၂၅၃ ကျောင်းတွင်လည်း KG ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၁၈၃ ဦးတို့အား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင် (ဗိဿနိုးမြေ)**



# အမျိုးသားဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ဗထူးအားကစားခန်းမတွင် ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀ နှစ်အောက် အမျိုးသားဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီရုံးခန်းမတွင် ကျင်းပရာ အသင်းနာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး အောင်နိုင်ရေးအတွက် မျိုးဆက်သစ်ဘော်လီဘောအားကစားသမားများ ပေါ်ထွန်းရန် ရည်ရွယ်၍ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(လက်ရွေးစင်)နှင့် ဦးကျော်ဝင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေတို့က မန္တလေးတိုင်းဒေသကြီးဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အသက် ၃၀နှစ်အောက် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို အပတ်စဉ် စနေ-တနင်္ဂနွေနေ့တို့တွင် ဖေဖော်ဝါရီ ၁၅ရက်မှ မတ်လကုန်အထိ ဗထူးမိုးလုံလေလုံအားကစားခန်းမနှင့် ကျောက်ဆည်ဘော်လီဘော အားကစားကွင်းတို့တွင် အောင်မြင်စွာကျင်းပပြုလုပ်ရန် စီစဉ်ထားရှိမှုတို့နှင့် ပြိုင်ပွဲကြီးအား ဝင်ရောက်ယှဉ်ပြိုင်ကစားလိုသော အသင်းများကြိုတင်ပြင်ဆင်ထားနိုင်ရေး၊ ဆုကြေးများထိုက်တန်စွာ ချီးမြှင့်မည့် အစီအစဉ်များအပြင် ဘော်လီဘောဒိုင်လူကြီးသင်တန်းဖွင့်လှစ်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်းနှင့် ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်မောင်(မန္တလေး)**

**ဝ-ဝ-ဝ-ဝ-ဝ**

# ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီများ ဆက်လက်ရောင်းအားကောင်းလျက်ရှိ



**ပခုက္ကူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီသီးနှံများကို ချောက်ကန်၊ မန်ကျည်းကိုးပင်၊ အင်ပင်၊ ကန်တော်၊ ကန်လှ၊ ဒဟက်ချောက်၊ ကန်တိန်၊ ကန်ရပ်၊ သမင်အုပ်စသည့် ကျေးရွာများတွင် သီးထပ်သီးညှပ်အဖြစ် အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး လက်ရှိအချိန်အထိ တောင်သူလက်ကျန်များပြားကာ ဆက်လက်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

“ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သက်ကြီး၊ သက်လတ်အမျိုးအစား ပဲစင်းငုံနီသီးနှံများကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး ရောင်းအားကောင်းလျက်ရှိကြောင်း၊ ပခုက္ကူကုန်စည်ဒိုင်သို့ ယခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီး ပဲစင်းငုံနီသစ်များ နေ့စဉ်အိတ်ရေပေါင်း ၃၀၀မှ ၁၂၀၀ ကြား ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် တစ်တင်းလျှင် ငွေကျပ် ၉၁၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ဇန်နဝါရီလ(ပထမပတ်)တွင် ပဲစင်းငုံနီတစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀နှင့် (ဒုတိယပတ်)တွင် ငွေကျပ် ၉၄၂၀ ခန့်ရှိခဲ့ပြီး တစ်လအတွင်း တစ်တင်းလျှင် ငွေကျပ် ၅၀၀၀ခန့် ဈေးနှုန်းကျဆင်းသော်လည်း တောင်သူလက်ကျန်များပြားခြင်း၊ ပြည်တွင်း၊ ပြည်ပဝယ်ယူမှုရှိနေခြင်းတို့ကြောင့် နေ့စဉ်အိတ်ရေပေါင်း ၇၀ မှ ၇၀၀ အထိ ဆက်လက်အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း“ပခုက္ကူကုန်စည်ဒိုင်ထံက သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအပါအဝင် ကုလားပဲအမျိုးမျိုး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲဇီးကွက်၊ ပဲလွန်းပြာ၊ ပဲယင်းဝါနှင့် နှမ်းမျိုးစုံ သီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိပြီး ဒေသတွင်းထွက်ရှိသည့် ပဲစင်းငုံသီးနှံကို ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)၊ ရန်ကုန်ရွှေပြည်သာနှင့် ပြည်ပနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**(၃၄၀)**

# စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ရေနံချောင်း ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများအသင်း(Book Club)စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Center)ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွှန်)နှင့်အသင်းဝင်များ၊ စာပေဝါသနာရှင်များတက်ရောက်ကာ အောင်ကိုဦး(UMK)ရေးသားသည့် လူငယ်တွေကို လမ်းဖွင့်ပေးပါ စာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါစာအုပ်တွင်ပါရှိသော လူငယ်များနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ဘလုံ့ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတောကြီးကျေးရွာအုပ်စု၊ ဘလုံ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဘလုံ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းအား ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ဆည်မြို့နယ် ဘလုံ့ကျေးရွာ၌ လမ်းအရှည် ပေ၇၀၀၊ အကျယ် ၁၂ ပေ ၊ လမ်းအမြင့် ထု ၆လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း( VDP )စီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၄ သန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁၄ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်ထံမှ သိရသည်။

**(၄၄၅)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၃)၊ မြေညီထပ်တိုက်ခန်းရှိ ဦးရဲနိုင်ထွန်းအမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူကာ လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ငယ်ငယ်ထွေး(ဘ)ဦးဘကျော်(၉/စကန(နိုင်)၀၅၉၉၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုပိုးဉ (ဘ)ဦးကိုဦး(၅/ကလတ(နိုင်)၀၉၅၃၇၈)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းအိရွှေစင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၃၁၉၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၃)၊ ဦးပိုင်အမှတ်(၃+၄+၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ဧကအသီးသီးရှိ ဂရန်မြေကွက်များသည် ဗိုလ်မှူးကြီးကျော်ထူးလွင် အမည်ပေါက်သောဂရန် မြေကွက်များဖြစ်ကြောင်း၊ ရောင်းချရန်ကတိပြုသူ ဒေါ်သက်သက်မော်(ဘ)ဦးညဏ်မြင့် (၁၀/သထန(နိုင်)၀၈၈၄၅၅)ကအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ယခုမိမိလက်ရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ရောင်းချရန်ကတိပြုသူဖြစ်သော ဒေါ်သက်သက်မော်ထံမှ အဆိုပါဂရန် မြေကွက်များနှင့် မြေပေါ်မြေအောက်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေညာသည့်ရက်မှ(၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နိုင်သူစာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်စိုးဝင်း(LL.B) ဒေါ်စင်မာစိုး(LL.B) ဒေါ်သူစာကျော်(LL.B) ဒေါ်အိအိနိုင်(LL.B)**

**အထက်တန်းရှေ့နေများ**
**"ခိုင်သစ္စာ" ဥပဒေဝန်ဆောင်မှုလုပ်ငန်း**
**(၃၅)လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၂၂၀၃၄၅၊ ၀၉–၈၉၂၃၃၄၄၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ လက်ခွံချိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉-က)၊ ကွင်းအမည်(လက်ခွံချိုင်တောင်)၊ ဦးပိုင်အမှတ်(၇၀/၂)၊ ဧရိယာ(၂ ဒသမ ၆၁) ဧက အကျယ်အဝန်းရှိ ဦးစိုးထွန်းအမည်ပေါက် လယ်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးစိုးထွန်း(ဘ)ဦးတင်သိန်း(၉/စကတ(နိုင်)၀၄၂၉၉၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရံငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့်(၂၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးမိုးထိုက်(LL,B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–စ၆၀၂)**
**အကွက်(၉၈)၊ မင်းတဲအိကင်း၊ ဈေးကုန်းရပ်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၇၇၇၂၃၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(မှန်တန်း)၊ ဦးပိုင်အမှတ်(၁၅၉/၆-ဇနှင့် ၁၅၉/၅-န)၊ ဧရိယာ(၂၃×၈၄)ပေရှိ မြေကွက်သည် ဦးမင်းသက်လွင် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း၊ ယခုမိမိလက်ရှိပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ဆိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ရောင်းချရန်ကတိပြုသူဖြစ်သော ဦးမင်းသက်လွင်ထံမှ အဆိုပါမြေကွက်နှင့် မြေပေါ်မြေအောက်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နိုင်သူစာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်စိုးဝင်း(LL.B) ဒေါ်စင်မာစိုး(LL.B) ဒေါ်သူစာကျော်(LL.B) ဒေါ်အိအိနိုင်(LL.B)**

**အထက်တန်းရှေ့နေများ**
**"ခိုင်သစ္စာ" ဥပဒေဝန်ဆောင်မှုလုပ်ငန်း**
**(၃၅)လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၂၂၀၃၄၅၊ ၀၉–၈၉၂၃၃၄၄၅၅**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ဒေါ်မာရင်ကျော်(ဘ)ဦးမာရှီအန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/ကခန(နိုင်)၀၁၈၉၈၃)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်မာရင်ကျော် ဖုန်း ၀၉ ၆၇၃၂၉၆၁၇၄**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ICECကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 မှ မသွန်းမြင့်မြတ်ထည်ဝါ နှင့် Grade-8 မှ မောင်ခိတော်ဝင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဌေး ဖြစ်ပါကြောင်း။

**ဦးမောင်ဌေး(၁၃/လရန(နိုင်)၀၂၃၂၁၁)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာအောင်မြေ အနောက်(အိုးဘို)ရပ်ကွက်၊ အကွက်အမှတ်(၅၂၆)၊ ဦးပိုင် အမှတ်(၅၇-ခ)၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဘိုးဘမြေကွက် အား အမည်ပေါက်သူ ဇနီး ဒေါ်သောင်းသောင်း ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးတင်ညွန့် (၉/မရတ(နိုင်)၀၄၀၆၀၄)က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**ဌာနမှူး မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၃၁)၊ ဦးပိုင်အမှတ်(၁၇)၊ ၁၀၉(A)လမ်း၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဦးမြဟန်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးမြဟန်၊ မိခင် ဒေါ်စိန် ရင်၊ သား ဦးတင်ဝင်း(လူပျိုဘဝ)၊ သမီး ဒေါ်မာမာဝင်း(အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီးများဖြစ်သော ဒေါ်ဝင်းဝင်းမြင့်(၉/မနမ (နိုင်)၀၅၉၅၈၆)၊ ဦးကျော်လွင်(၉/မနမ(နိုင်)၀၀၇၃၆၀)တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မီးသတိပြု

## ၂၃-၁-၂၀၂၅ ရက်စွဲပါ မန္တလေးသတင်းစာ၏စာမျက်နှာ-၂၁တွင်ပါရှိသော ကြေညာချက်အပေါ် ဒေါ်စိုးစိုးမာနှင့်၎င်း၏ (တရားလွှတ်တော်ရှေ့နေ)"ဒေါ်စန်းစန်းမြင့်"သိရှိစေရန် ပြေရှင်းကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်(၆၁)မြေကွက်မှာ ဦးထွန်းသင်း အမည်ပေါက်(စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း(၂၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်ကို ဒေါ်စိုးစိုးမာ(ဘ)ဦးသန်းလွင်(၁၃/ရစန(နိုင်)၁၀၉၁၈၂)ကိုင်ဆောင်သူက လွှန်ခဲ့သော(၂၀၂၃ခုနှစ်၊ ဇွန်လ၊ ၃၀ရက်)ခန့်က လူကြီးမင်း"ဒေါ်စိုးစိုးမာ"က ၎င်း၏ ခင်ပွန်း ဦးသန့်ဇင်ကို အသိမပေး၊ အကြောင်းမကြားဘဲ၊ မိမိသဘောဆန္ဒဖြင့် ဦးသန့်ဇင်အမည်ခံကာ အမည်မသိအမျိုးသား(၁)ဦးအားအသုံးချပြီး(တရားလွှတ်တော်ရှေ့နေ)ဒေါ်တင်နှယ်ဝင်းရုံးခန်းတွင် ဒေါ်အေးအေးခိုင်ထံမှ ငွေများကိုယူဆောင်ပြီး တိမ်းရှောင်နေသဖြင့် ဒေါ်အေးအေးခိုင်မှ ပြည်ကြီးတံခွန်မြို့နယ် စက်မှုရဲစခန်းတွင် (ပ-၆၀/၂၀၂၄)အရ အမှုဖွင့်လှစ်အရေးယူခဲ့ပါသည်။ ခင်ပွန်း ဦးသန့်ဇင်၏ ဖခင် ဦးသိန်းထွန်းအောင်မှ တရားစွဲဆိုသူ တရားလို ဒေါ်အေးအေးခိုင်ထံ လူမှုရေးညှိနှိုင်းပြီး ဒေါ်စိုးစိုးမာရယူသွားသော ငွေကြေးများကို ဒေါ်ခင်နှင်းဦးမှ စိုက်ထုတ်၍ ပြေလည်အောင် ဖြေရှင်းပေးခဲ့ခြင်းဖြစ်ပါသည်။ ၎င်း၏ကိစ္စရပ်များကို ဒေါ်စိုးစိုးမာကိုယ်တိုင်သိရှိပါသည်။

သို့ဖြစ်ပါ၍(၂၃-၁-၂၀၂၅)ရက်စွဲပါ မန္တလေးသတင်းစာ၏ စာမျက်နှာ-၂၁ကြေညာချက်နှင့်ပတ်သက်၍ အထက်ပါ မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ အမှုကိစ္စရပ်နှင့်ပတ်သက်ပြီး ငွေစိုက်ထုတ်ပေးသူ ဒေါ်ခင်နှင်းဦး၏လက်ဝယ်တွင် အပ်နှံထားပြီးဖြစ်ကြောင်း ဒေါ်စိုးစိုးမာနှင့် ၎င်း၏ ခင်ပွန်း ဦးသန့်ဇင်အပါအဝင် ဦးသိန်းထွန်းအောင်မှလည်း အလုံးစုံသိရှိကြသူများဖြစ်ပါသည်။ ဒေါ်စိုးစိုးမာ၏ မန္တလေးသတင်းစာပါ ကြေညာချက်မှာ ကျွန်ုပ်မိတ်ဆွေများကို ထိခိုက်စေနိုင်သောကြောင့် ဒေါ်စိုးစိုးမာအပါအဝင် အများသိစေရန် ပြန်လည်အသိပေးဖြေရှင်းရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**

၁။ ဒေါ်ခင်နှင်းဦး
၂။ ဦးသိန်းထွန်းအောင်
၃။ ဦးသန့်ဇင်

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၄၀၀၄၆၉၁၈၈

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကာလအတွက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၄-၂-၂၀၂၅) (အင်္ဂါနေ့)

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန် - (၂၀-၂-၂၀၂၅) (ကြာသပတေးနေ့) (၀၉:၃၀) မှ (၁၃:၃၀) နာရီထိ

(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ - (၂၁-၂-၂၀၂၅) (သောကြာနေ့)

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရွှေလေးကွက်သစ်(၃)၊ ကွင်းအမှတ်(၆၁၂)၊ မြေစလစ်အမှတ်(၆၆/က)၊ ဦးကျော်မိုး အမည်ပေါက် ဧရိယာ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုကမ်းလှမ်းသူ ဒေါ်ခင်တင့်(ဘ)ဦးအီစမန်(၉/ခမစ(နိုင်)၀၈၁၆၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများလည်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးဝေလင်း (LL.M)**

**တရားလွှတ်တော်ရှေ့နေ**

**ထန်းတပင်ရပ်ကွက်၊ ဈေးချိုရပ်၊ အမရပူရမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကရှိ ဦးကျော်ဆွေ အမည်ပေါက်ရှိသော မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နန်းထားကြည်(ဘ)ဦးအိုက်စိုင်း(၉/မရတ(နိုင်)၀၆၃၈၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| ဦးနောင်ရိုးသိန်း (LL.B) | ဒေါ်တိုးတိုးလွင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| ဒေါ်မေသက်နှင်း (LL.B) | ဒေါ်လှဲ့မွန်မြင့် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(၃)၊ လမ်း၇၀၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၃၇၃၊ ၀၉-၄၄၄၀၄၄၄၃၀၊ ၀၉-၆၉၂၆၆၆၀၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ(တောင်ရွာ)ရှိ အရှေ့လားသော်- စာသင်ကျောင်း၊ အနောက်လားသော်-ဦးကျော်စိုးလှိုင် မြေအစပ်၊ တောင်လားသော်-လမ်း၊ မြောက်လားသော်- ဒေါ်သန်းစိန် မြေအစပ် နယ်လေးရပ်အတွင်းရှိ (RC)တစ်ထပ်တိုက်အိမ်နှင့် လျှပ်စစ်မီတာအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်အရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ရွှင်(ဘ)ဦးတုံးညို(၉/အမရ(နိုင်)၀၇၄၅၄၈)မှ လက်ရှိပိုင်ဆိုင် နေထိုင်အသုံးပြုလျက်ရှိပြီး စီမံခန့်ခွဲခွင့်၊ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသောသူတစ်ဦးဖြစ်ပါသည်။ အဆိုပါ (RC)တစ်ထပ်တိုက်အိမ်နှင့် လျှပ်စစ်မီတာအပါအဝင် မြေတို့အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်း၊ စာချုပ်မူရင်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ဒေါ်ကြည်ရွှင်ထံဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ရွှင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မီမီကျော်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁၉၂)၊ မြို့ပြင်ကြီးကျေးရွာ၊ အမရပူရမြို့နယ်။**

**ဖုန်း ၀၉-၂၅၆၂၉၄၉၈၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၂)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မိုးမြင့်သူ(ဘ)ဦးသောင်းကြွယ်(၉/မခန(နိုင်)၂၃၅၃၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္စူမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂ဂ)၊ ဦးပိုင်အမှတ်(၁-မ)၊ ဧရိယာ(၀ ဒသမ ၀၁၄)ဧက အကျယ်အဝန်းရှိသော ဦးမောင်မောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးခင်မောင်ထွေး(ဘ)ဦးအောင်ချင်း(၉/မနမ(နိုင်)၁၂၂၀၀၈)၊ (၂) ဒေါ်စောမြင့်(ဘ)ဦးရွှတ်ဆိုင်းရီ(၁/မကန(နိုင်)၀၀၈၈၃၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၀)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိသော ဒေါ်ထိပ်တင်ခင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ (ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေမီတာ(ဆက်လက် သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးမြင့်ဆန်း(ဘ)ဦးကြွယ်ငွေး(၉/စကန(နိုင်)၀၄၆၅၂၈)၊ (၂) ဒေါ်ခင်ဝင်း(ဘ)ဦးကိုကြီး(၉/စကန(နိုင်)၀၄၈၇၃၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 9-2006029၊ 09-792006029၊ 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၆၁)နေ မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်မြင့်၊ ဒေါ်စန်းစန်းဝင်းတို့မှ မဟာအောင်မြေမြို့နယ်၊ ဇရာထွန်း(၃)ရပ်ကွက်နေ ဦးဘရီ + ဒေါ်ငွေစီတို့အား အပြီးအပိုင် လွှဲပြောင်းရောင်းချပြီးဖြစ်သော စိန်ပန်းရပ်၊ အကွက်အမှတ်(၃၆၁)၊ ဦးပိုင်အမှတ်(၉/ခ)၊ ဧရိယာ(၂၂ ပေ × ၇၄ ဒသမ ၆ ပေ) အကျယ်အဝန်းရှိ မြေကွက်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြစ်သော (၁-၂-၂၀၀၁)ရက်စွဲပါ မြေကွက်ပေးကမ်းခြင်း ကတိစာချုပ်မူရင်း၊ (၁-၂-၂၀၀၁)ရက်စွဲပါ မြေအရောင်းအဝယ်ကတိစာချုပ်မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးဘရီ + ဒေါ်ငွေစီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးစည်သူအောင် (LL.B)**

**အထက်တန်းရှေ့နေ (စဥ်-၅၀၆၀၈/ ၂၈-၁၂-၂၀၁၈)**

**မမ(၁၆)၊ တိုက်(၁၁)၊ အခန်း(၃၀၅)၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂**

သူနာပြုတက္ကသိုလ်(မန္တလေး)၊ ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၄) သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် ပင်မ(၆)ထပ်ဆောင်၊ ဘက်စုံခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်လုပ်ငန်းများ၌ အရည်အသွေးပြည့် သူနာပြုများ၏အခန်းကဏ္ဍသည် မရှိမဖြစ် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိရောက်စွာ လေ့ကျင့်သင်ကြားနိုင်ရန် ရပ်ပိုင်းဆိုင်ရာ၊ သူနာပြုပညာရပ်ပိုင်းဆိုင်ရာများတွင် ခေတ်နှင့်လျော်ညီစွာ အသုံးပြုသင်ကြားနိုင်ရေး ဖြည့်တင်းပေးနေပါကြောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ချိန်မှစပြီး ယနေ့အထိ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းအသီးသီးမှ ဘွဲ့ရသူနာပြု ၄၈၇၅ ဦး မွေးထုတ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံရှိ Mahidol University, Chaingmai University, ဂျပန်နိုင်ငံ St.Luke International University စသည့် နိုင်ငံခြားတက္ကသိုလ်များမှ သူနာပြုပါရဂူဘွဲ့ ၅ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၈ ဦး ရရှိခဲ့ပြီး လက်ရှိတွင် သူနာပြုပါရဂူဘွဲ့ ၂ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၁ ဦး တက်ရောက်သင်ကြားနေသည်ဟု သိရှိရပါကြောင်း၊ တတ်သည့်ပညာကို ရပ်တန့်မနေဘဲ အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမက ကျင့်ဝတ်သိက္ခာများနှင့်အညီ ခံယူချက်ကောင်းသည့် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် နှလုံးလှသူနာပြုများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများကိုလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ Uniform Show၊ တိုင်းရင်းသားရိုးရာ အကအလှများ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု Fashion Show များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများနှင့်လက်တွေ့ခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀









## ဒဂုံပေါ့ကို အနိုင်ယူကာ လေးပွဲမြောက် နိုင်ပွဲရခဲ့သည့် ရှေဝတီယူနိုက်တက်

ယနေ့ညနေက သုဝဏ္ဏကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ရှေဝတီယူနိုက်တက်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒဂုံပေါ့အသင်းသည် ပွဲချိန် ၃၀ မိနစ်တွင် ဦးဆောင်ဂိုး စတင်ရခဲ့ပြီး ကောင်းမြတ်ကျော်က သွင်းယူပေးခဲ့သည်။ နှစ်မိနစ်အကြာတွင် ရှေဝတီယူနိုက်တက်အသင်းမှ ချေပဂိုး ပြန်ရခဲ့ပြီး ညီညီအောင်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် ရှေဝတီယူနိုက်တက်အသင်း ဒုတိယဦးဆောင်ဂိုးရခဲ့ပြီး ညီညီအောင်ကပင် ထပ်မံသွင်းပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် ရှေဝတီယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စပြီး သုံးမိနစ်အကြာတွင် ဒဂုံပေါ့အသင်းက ချေပဂိုး ရခဲ့ပြီး မစ်ချယ်က ခေါင်းတိုက်သွင်းပေးခဲ့သည်။ နှစ်ဂိုးစီ သရေဖြစ်သွားသည့်နောက်ပိုင်းတွင် ပွဲအရှိန်ပိုမိုမြင့်တက်ခဲ့ပြီး အကြိတ်အနယ်ရှိခဲ့သည်။ ပွဲချိန် ၆၆ မိနစ်တွင် ရှေဝတီယူနိုက်တက်က တတိယ ဦးဆောင်ဂိုးရခဲ့ပြီး ချမ်းငြိမ်းက သွင်းပေးခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ဒဂုံပေါ့ကွင်းလယ်ကစားသမား ရဲဝင်းလှိုင်သည် နှစ်ဝါ တစ်နီဖြင့် ထုတ်ခံခဲ့ရသည်။ ရှေဝတီယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့်ဂိုးကို ပွဲချိန် ၉၀+၁ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းပေးခဲ့ပြီး ပွဲအပြီးတွင် ရှေဝတီယူနိုက်တက်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **(NGB)**